# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၃၂]



**ကြည်လင်သောစိတ်**

- ❖ စိတ်သည် အရာရာကို ဦးဆောင်၏။
- ❖ စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- ❖ စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ❖ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- ❖ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)


## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သီညွတ်မှုရှိစေရေး အလေးထားဆောင်ရွက်ကြမည်ဟု မျှော်လင့်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့**

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့စတင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကထံ လိပ်မူလျက် သဝဏ်လွှာ ပေးပို့ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့သည့် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

သို့

နာယက

ပြည်ထောင်စုလွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

၁။ ယနေ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့စတင်ကျင်းပသည့် နေ့ရက်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✱




## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများကို မတ်လ ၁၇ ရက်တွင် စတင်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့သည် ပြည်သူအများစု၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များ စုစည်းတက်ရောက်လာကြသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ ပထမနေ့ဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ဇီကာဗိုင်းရပ်စ်နှင့် ခြင်ကျားအန္တရာယ်

လွန်ခဲ့သည့်နှစ်က ကမ္ဘာကို ခြိမ်းခြောက်ခဲ့သည့် အီဘိုလာရောဂါဆန်းပေါ်ပေါက်ခဲ့ပြီးနောက် ယခု ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လာသော ရောဂါဆန်းတစ်မျိုးမှာ ဇီကာဗိုင်းရပ်စ် ဖြစ်လာသည်။ ဇီကာဗိုင်းရပ်စ်ရောဂါဆိုသည်မှာ ရောဂါပိုး သယ်ဆောင်ထားသည့် အေးဒိစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်သည်။ ယနေ့အချိန်တွင် ခြင်ကျားအကိုက်ခံရမှုကြောင့် ရောဂါဖြစ်ပွားနိုင်ကြောင်း သိရပါသည်။

ဇီကာ (Zika) ဗိုင်းရပ်စ်သယ်ဆောင်ထားသော ခြင်ကျား အကိုက်ခံရပါက ဖျားနာခြင်း၊ အညိုကွက် အစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ကြွက်သားနှင့်အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများခံစားရနိုင်ပါသည်။ သို့သော်လည်း ကိုယ်ဝန်ဆောင်မိခင်များ ဇီကာဗိုင်းရပ်စ်ခြင်အကိုက်ခံရပါက ဦးနှောက်သေးငယ်သော ကလေးများ မွေးဖွားလာခြင်းအပေါ် ဆက်စပ်မှုရှိ မရှိ သက်သေပြနိုင်ရန် ပညာရှင်များက ကြိုးစားလျက်ရှိပါသည်။ ဇီကာရောဂါအတွက် ကာကွယ်ကုသရန်ဆေးမရှိသေးပါ၊ ရောဂါလက္ခဏာသက်သာရန်သာ ကုသပေးနိုင်ကြောင်း သိရပါသည်။

အမှန်စင်စစ် ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို ၁၉၄၇ ခုနှစ်တွင် ယူဂန္ဓာနိုင်ငံ၌ မျောက်သတ္တဝါတို့တွင် စတင်စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာနှင့် တန်ဇန်းနီးယားနိုင်ငံများ၌ လူများသို့ ကူးစက်မှုရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမေရိကနှင့် အာဖရိကဒေသတို့၌ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါ နိုင်ငံပေါင်း၃၃ နိုင်ငံတွင် ပျံ့နှံ့ကူးစက်လျက်ရှိကြောင်း သိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဇီကာရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ကမ္ဘာတစ်ဝန်းလုံးသို့ အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်ရန် ကြေညာလိုက်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှဦးဆောင်၍ ဇီကာရောဂါကာကွယ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိပါသည်။ သို့သော်လည်း ဇီကာရောဂါကာကွယ်တားဆီးရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ပူးပေါင်းဆောင်ရွက်ရေးသည် ပဓာနအကျဆုံးအချက်ဖြစ်သည်။

ဇီကာရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ပညာပေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ခြင်နှိမ်နင်းရေးကို အလေးထားဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။ ခြင်နှိမ်နင်းရေးအစီအစဉ်သည် တစ်ဦးတစ်ယောက်နှင့်လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ထိထိရောက်ရောက်ဆောင်ရွက်သွားရန်လိုအပ်လျက်ရှိသည်။ ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်ကျားနှိမ်နင်းရေးအစီအမံများ အိမ်တိုင်းမပြတ်ဆောင်ရွက်သင့်သလို ကျန်းမာရေးဌာနများက ခြင်ဆေးဖျန်းခြင်းအစီအစဉ်ကိုလည်း အနည်းဆုံးတစ်ပတ်တစ်ကြိမ် ဆောင်ရွက်သွားသင့်ပါသည်။ ပြည်ပနိုင်ငံများမှ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူများ ဝင်ရောက်မလာနိုင်အောင် တားဆီးရေးသည်လည်း တိတိကျကျ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ မူလက ခြင်ကျားအကိုက်ခံရလျှင် သွေးလွန်တုပ်ကွေးရောဂါသာဖြစ်နိုင်သည်ဟုသာ လူသိများကြပါသည်။ ယခုအခါ ဇီကာရောဂါဖြစ်ပွားနိုင်သည့်အနေအထား ဖြစ်ပါသည်။ သို့ဖြစ်၍ ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်တားဆီးနိုင်ရန် ခြင်ကျားအန္တရာယ်နှိမ်နင်းရေးကို အမျိုးသားရေးအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၀၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


### ဆိုလာမီးလင်းရေး သရုပ်ပြရှင်းလင်း

**မော်လမြိုင် ဖေဖော်ဝါရီ ၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မော်လမြိုင်မြို့နယ် တောပေါက်၊ မရမ်း၊ မရမ်းကွင်းကျေးရွာတို့တွင် ဆိုလာပစ္စည်းများနှင့် ပတ်သက်၍ အသုံးပြုပုံ နည်းစနစ်များကို သရုပ်ပြရှင်းလင်းခြင်း၊ ဆက်စပ်ပစ္စည်းများအား နည်းစနစ်ကျကျ အသုံးပြုနိုင်စေရန် ဆွေးနွေးခြင်း၊ သင်တန်းပေးပွဲနှင့် သရုပ်ပြရှင်းလင်းပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်**

### ၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ပွင့်လင်းရာသီရောက်ရှိလာ၍ မီးငြိမ်းသတ်ယာဉ်များ၏ ကြံ့ခိုင်မှုစစ်ဆေး

**ပုလဲ ဖေဖော်ဝါရီ ၈**

စစ်ကိုင်း တိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဦးအောင်ထွန်းမြင့်တို့နှင့် အတူ မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် ကျေးရွာမီးသတ်တပ်ဖွဲ့စခန်းများသို့ ဖေဖော်ဝါရီ ၈ ရက်က သွားရောက်ပြီး ပွင့်လင်းရာသီ ရောက်ရှိလာ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မီးငြိမ်းသတ်ယာဉ်များ၏ ကြံ့ခိုင်မှု အခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက် ပုလဲမြို့နယ် စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် အဖွဲ့သည် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာနှင့် တန့်ဒေါ်ကျေးရွာများရှိ မီးငြိမ်းသတ်ယာဉ်များ၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧေယျာမြေ)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း   ၈-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံခြားငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၀၈.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၀၃ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄ |

ခင်ရတနာ-စုစည်းသည်။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

# တူရကီထောက်ပံ့ရေးယာဉ်များ ဆီးရီးယားနိုင်ငံအတွင်းဝင်ရောက်လာ

**ဘေရွတ် ဖေဖော်ဝါရီ ၈**

အလက်ပိုတွင် အစိုးရတပ်များက အရှိန်မြင့်တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာသော ထောင်ပေါင်းများစွာသော ပြည်သူများအား ကူညီရန် တူရကီမှ အကူအညီပေးရေး ကုန်တင်ယာဉ်များနှင့် လူနာတင်ယာဉ်များ တနင်္ဂနွေနေ့တွင် ယင်းမြို့သို့ စတင်ဝင်ရောက်ခဲ့သည်။

တူရကီနယ်စပ်အနီး အလက်ပိုမြို့နှင့်ဆက်သွယ်ထားသော လမ်းပေါ်ရှိကျေးရွာများကို လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

စစ်ပွဲမတိုင်မီ အလက်ပိုမြို့သည် ဆီးရီးယားနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး မြို့အနီးပတ်ဝန်းကျင်တို့တွင် သူပုန်များက ထိန်းချုပ်ထားသည်။ ယင်းမြို့သည် လူပေါင်း ၃၅၀၀၀၀ နေထိုင်လျက်ရှိရာ မကြာမီ အစိုးရလက်သို့ ကျရောက်တော့မည်ဖြစ်ကြောင်း အကူအညီပေးရေး အလုပ်သမားများက ပြောသည်။



စောင်များဝေငှရာတွင် တန်းစီစောင့်ဆိုင်းနေကြသည့် ဆီးရီးယားစစ်ဘေးသင့်ပြည်သူများ

အလက်ပိုမြို့ မြောက်ပိုင်းရှိ ကျေးရွာများကို ပစ်မှတ်ထား၍ ရုရှားလေယာဉ်များက တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးအဖွဲ့က ပြောသည်။ အီရန်တိုက်ခိုက်ရေးသမားများအပါအဝင် ဆီးရီးယား၏ မဟာမိတ်တပ်များက သူပုန်ထိန်းချုပ်ရာ အလက်ပိုမြို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ **(ရိုက်တာ)**

# မြောက်ကိုရီးယား ကင်းလှည့်သင်္ဘော တောင်ကိုရီးယားရေပိုင်နက်သို့ ကျူးကျော်သည်ဟုဆို

**ဆိုးလ် ဖေဖော်ဝါရီ ၈**

မြောက်ကိုရီးယားကင်းထောက်ရေယာဉ်တစ်စင်း တောင်ကိုရီးယားပင်လယ် ရေပိုင်နက်အတွင်းသို့ တနင်္လာနေ့ နံနက်အစောပိုင်းက ဖြတ်ကျော်ဝင်ရောက်လာခဲ့ရာမှ တောင်ကိုရီးယားရေတပ်က သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် အခြားနိုင်ငံများက ဒုံးစမ်းသပ်ပစ်လွှတ်မှုဟု ယူဆနေကြသည့် ကာဝေးပစ်ဒုံးကျည်တင်ဆောင်သည့် ဂြိုဟ်တုတစ်စင်းကို မြောက်ကိုရီးယားက အာကာသထဲသို့ ယခုရက်ပိုင်းအတွင်း ပစ်လွှတ်ခဲ့ပြီးနောက်တွင် ကိုရီးယားကျွန်းဆွယ် တစ်လျှောက် တင်းမာမှုများမြင့်တက်နေသည့်ကြားမှ အဆိုပါ ကျူးကျော်ဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

ကင်းလှည့်သင်္ဘောသည် ဆောချွမ်ဒိုကျွန်းအနီးသို့ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် မြောက်ဘက်နယ်နိမိတ်မျဉ်းကို သတိမမူဘဲ ကိုရီးယားကျွန်းဆွယ်အနောက်ဘက် အဝါရောင်ပင်လယ်အတွင်းသို့ ဖြတ်ကျော်ဝင်ရောက်လာခဲ့သည်ဟု အာဏာပိုင်များက ဆိုသည်။

အဆိုပါ ကင်းလှည့်သင်္ဘောသည် တောင်ကိုရီးယားရေတပ်မှ အချက်ပေး ဆက်သွယ်မှုများပြုလုပ်ခဲ့သော်လည်း ဖြတ်ကျော်ဝင်ရောက်လာခဲ့ပြီး တောင်ကိုရီးယားဘက်မှ သေနတ်ဖြင့် ငါးချက်သတိပေးပစ်ဖောက်လိုက်မှ နံနက် ၇ နာရီ ၁၅ မိနစ် အချိန်ခန့်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# အနောက်စူမတြားတွင် ရေလွှမ်းမိုး၊ ငါးဦးသေဆုံး၊ ၄၀၀၀ ကျော် အိုးအိမ်စွန့်ခွာ

**ဂျကာတာ ဖေဖော်ဝါရီ ၈**

အင်ဒိုနီးရှားအနောက်ပိုင်းပြည်နယ် စူမတြားတွင် ရေကြီးရေလျှံ၍ မြေပြိုမှုကြောင့် လူငါးဦးသေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိကာ လူ ၄၀၀၀ ကျော်တို့မှာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းမှုက မြစ်ကမ်းပါးနံရံများကို တိုက်စားပြိုကျစေခဲ့ပြီး မြစ်ရေလျှံတက်ကာ ဒေသအချို့ကို ရေလွှမ်းမိုးခဲ့သည်ဟု စူမတြားသဘာဝဘေး စီမံခန့်ခွဲရေးဌာနအကြီးအကဲ ဇုဖီရတ်နိုက ပြောခဲ့သည်။

ဆိုလော့ခ်ဒေသတွင် လူသေအလောင်း လေးလောင်းကိုတွေ့ရှိရပြီး ပျောက်ဆုံးနေသူနှစ်ဦးကို ရှာဖွေလျက်ရှိသည်။ လီမာပူလတ်ကိုတိုဒေသ၌ ကလေးငယ်တစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ လူ ၅၀၀၀ မှ ၆၀၀၀ အထိ ရေကြီးမှုဒဏ်ကိုခံခဲ့ရကြောင်း၊ ၄၀၀၀ ကျော်မှာ ကုန်းမြင့်နေရာများတွင် အကာအကွယ်ယူ ရှောင်တိမ်းခဲ့ကြရကြောင်း ဇုဖီရတ်နိုက ပြောသည်။

ရေကြီးမှုကြောင့် တံတားတစ်စင်းကျိုးပျက်ခဲ့ပြီး လမ်းများပိတ်ဆို့ကာ စပါးခင်းဧက ၁၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့သည်။ တပ်မတော်သားများ၊ ရဲများ၊ ကြက်ခြေနီအဖွဲ့နှင့် ဒေသအတွင်းရှိ သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့များ၊ ကယ်ဆယ်ရေးအဖွဲ့များပူးပေါင်း၍ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးကို အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း သဘာဝဘေးစီမံရေးအဖွဲ့အကြီးအကဲ စူတိုပိုပါဝိုနူဂရိုဟိုက ဆင်ဟွာသို့ဖုန်းဖြင့် ဖြေကြားခဲ့သည်။ နှစ်စဉ်နှစ်တိုင်း အင်ဒိုနီးရှားနိုင်ငံတွင် ရာသီအလိုက်မိုးရွာသွန်းမှုကြောင့် ကျွန်းပေါင်း ၁၇၅၀၀ တို့တွင် မကြာခဏ ရေလွှမ်းမိုးလျက်ရှိသည်။ **(ဆင်ဟွာ)**

# ထိုင်ဝမ်ငလျင် အသေအပျောက် ၁၀၀ ကျော်ရှိနိုင်၊ နှစ်ဦးထပ်မံကယ်ဆယ်ရရှိ

**တိုင်နန် ဖေဖော်ဝါရီ ၈**

ကြောက်မက်ဖွယ် မြေငလျင်ကြီးတစ်ခု ထိုင်ဝမ်တွင် လှုပ်ခတ်ခဲ့ပြီးနောက် နှစ်ရက်ကျော်အကြာတွင် ပြိုကျအဆောက်အအုံ၏ အပျက်အစီးများကြားမှ လူနှစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့များက ထပ်မံကယ်ထုတ်နိုင်ခဲ့ကြသည်။ သို့သော်လည်း တိုင်နန်မြို့တော်ဝန်က အသေအပျောက်အရေအတွက်မှာ ၁၀၀ မက ရှိနိုင်သည်ဟု ပြောဆိုခဲ့သည်။



ဖေဖော်ဝါရီ ၆ ရက်က ပြိုကျအဆောက်အအုံအတွင်းမှ ကလေးငယ်တစ်ဦးအား ကယ်ထုတ်နေစဉ်။

ငလျင်ဒဏ်ကြောင့် သေဆုံးသူအရေအတွက်မှာ ၃၇ ဦးထိရှိသွားပြီဖြစ်ပြီး လူ ၁၀၀ မက ပျောက်ဆုံးနေဆဲဖြစ်သည်ဟုသိရသည်။ စနေနေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီတွင်ဖြစ်ပွားခဲ့သည့် မြေငလျင်ကြောင့် Weiguan Golden Dragon အဆောက်အအုံ ပြိုကျပျက်စီးကာ လူများစွာ အသက်ဆုံးရှုံးခဲ့ရသည်။

အဆိုပါ ၁၇ ထပ်အဆောက်အအုံ ပြိုကျရာတွင် လူ ၁၀၇ ဦးတို့ ပျောက်ဆုံးနေဆဲဖြစ်ကာ အပျက်အစီးများအောက်တွင် ပိတ်မိနေကြသည်ဟု ယူဆရသည်။ ရှာဖွေကယ်ထုတ်ခဲ့ကြသူများတွင် သေဆုံးသူအရေအတွက် မြင့်တက်လာဆဲဖြစ်ပြီး သေဆုံးသူအရေအတွက်မှာ ၁၀၀ မက ရှိလာနိုင်သည်ဟု တိုင်နန်မြို့တော်ဝန် ဝီလီယံလိုင်က United Daily News ဝက်ဘ်ဆိုက်တွင် မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# ဂျပန်နိုင်ငံမှ ကုမ္ပဏီ၊ အဖွဲ့အစည်း ၁၀၀၀ ကျော်၏ ကွန်ပျူတာများ ဗိုင်းရပ်စ်တိုက်ခိုက်ခံရ၍ သတင်းအချက်အလက်များပေါက်ကြား

**တိုကျို ဖေဖော်ဝါရီ ၈**

ဂျပန်နိုင်ငံရှိ ကုမ္ပဏီနှင့်အဖွဲ့အစည်းပေါင်း ၁၀၀၀ ကျော်၏ ကွန်ပျူတာများ ဗိုင်းရပ်စ်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ယင်းဗိုင်းရပ်စ်သည် လွန်ခဲ့သောနှစ်က ဂျပန်နိုင်ငံ၏ ပင်စင်ဌာနကို တိုက်ခိုက်ခဲ့သည့် ဗိုင်းရပ်စ်နှင့် ပုံစံတူဖြစ်ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုကြောင့် အဆင့်မြင့်နည်းပညာနှင့် ကာကွယ်ရေးအချက်အလက်ပေါင်း အနည်းဆုံး ၂၀၀၀၀ ကျော် ပေါက်ကြားသွားခဲ့သည်။

ထို့ကြောင့် အသေးစိတ်ကိုသိရှိရန် အင်န်အိတ်ချ်ကေမှ တာဝန်ရှိသူများက ကုမ္ပဏီနှင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အင်န်အိတ်ချ်ကေသည် ဂျပန်နိုင်ငံနှင့် နိုင်ငံတကာရှိသုတေသနအင်စတီကျူများ၊ လုံခြုံရေးကုမ္ပဏီများနှင့်လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်မေလက အမ်ဒီဗွီဗိုင်းရပ်စ်သည် ဂျပန်ပင်စင်ဌာန၏ ကွန်ပျူတာ ၃၀ လုံးကို တိုက်ခိုက်ခဲ့ပြီး သတင်းအချက်အလက်ပေါင်း ၁ ဒသမ ၂၅ သန်း ပေါက်ကြားခဲ့သည့် ခိုးမှုဖြစ်ပွားခဲ့သည်။ ဗိုင်းရပ်စ်ကိုက်ခံရသော ကွန်ပျူတာများမှ အချက်အလက်များကို ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာများက အလွယ်တကူခိုးယူမှုများ ပြုလုပ်နိုင်ခဲ့သည်။

အမ်ဒီဗွီဗိုင်းရပ်စ်ဖြင့် ဂျပန်နိုင်ငံရှိ ကွန်ပျူတာများကို ဖောက်ထွင်းမှုပြုလုပ်ခဲ့ရာ ကာကွယ်ရေးဆိုင်ရာသဘောတူညီမှုများနှင့် လျှို့ဝှက်ကုဒ်များလည်း ပေါက်ကြားခဲ့သည်ဟုဆိုသည်။ သုတေသနအင်စတီကျူများနှင့် လုံခြုံရေးဆိုင်ရာ အေဂျင်စီမှတာဝန်ရှိသူများက ဂျပန်နိုင်ငံရှိ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများကို နောက်ထပ် တိုက်ခိုက်မှုများမခံရစေရန် သတိပေးအကြံပြုချက်များ ပြုလုပ်ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်သည့် နည်းပညာ သိသာစွာတိုးတက်လာကြောင်း ကျွမ်းကျင်သူပြော

**ပြုံယမ်း ဖေဖော်ဝါရီ ၈**

အာကာသ အင်ဂျင်နီယာဘာသာရပ် ကျွမ်းကျင်သူတစ်ဦးက မြောက်ကိုရီးယား၏ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော တာဝေးပစ်ဒုံးကျည်သည် နည်းပညာပိုင်းဆိုင်ရာ ပိုမိုအဆင့်မြင့်လာပြီးအင်အား ပိုမိုပြင်းထန်လာကြောင်း ပြောခဲ့သည်။

ဒိုက်ဒိုတက္ကသိုလ်အကြီးအကဲ အကီရာဆာဝါအိုကာက ယင်းဒုံးကျည်တွင် ပိုမိုကောင်းမွန်သော စွမ်းအားပြည့် အင်ဂျင်တပ်ဆင်ထားကာ လောင်စာကို ပိုမိုလောင်ကျွမ်းစေနိုင်သောကြောင့် ချိန်မှတ်ကိုလျင်မြန်စွာ ရောက်ရှိနိုင် ကြောင်း ပြောခဲ့သည်။

ထို့အပြင် ယင်းဒုံးကျည်သည် မြောက်ကိုရီးယားနိုင်ငံက ကြေညာထားသည့် ပစ်မှတ်ထက် ပိုမိုကွာဝေးသော အကွာအဝေးထိ ပစ်လွှတ်နိုင်ကြောင်းသိရသည်။ မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်သည့် နည်းပညာသည် ယခင်ကထက်ပိုမိုတိုးတက် ကောင်းမွန်လာကြောင်း ၎င်းက ဆိုသည်။

မြောက်ကိုရီးယားသည် ငါးနှစ်ခြောက်နှစ်အတွင်း နည်းပညာ တွင် သိသာစွာ တိုးတက်မှုများရှိလာခြင်းကြောင့် အလေးထားသင့်ကြောင်း ၎င်းက အကြံပြုထားသည်။ **(အင်န်အိတ်ချ်ကေ)**

# ကျေးလက်ဒေသပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတစ်ရွာလျှင် ကျန်းမာရေးကျွမ်းကျင်သူတစ်ဦးနှုန်းနီးပါးရှိပါက ပိုမိုကောင်းမွန်

နေပြည်တော် ဖေဖော်ဝါရီ ၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်သည်။**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆေးနှင့် ဆေးပစ္စည်းပြခန်းများ လှည့်လည်ကြည့်ရှုစဉ်။
(ပြည်နယ် ပြန်/ဆက်)

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (တောင်ကြီး)ဥက္ကဋ္ဌ ဒေါက်တာဦးကြည်စိုးနှင့် တာဝန်ရှိသူများက (၁၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးနှင့် ဆေးပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ပေးနေသည်များကို ရှင်းလင်းပြောကြားလိုကြောင်း၊ ကျန်းမာရေး ကဏ္ဍ အသုံးစရိတ်သည် ၂၀၁၁ ခုနှစ်တွင် ကျပ် ၈၆ ဒသမ ၅၈ ဘီလီယံရှိရာမှ ၂၀၁၅ ခုနှစ်တွင် ကျပ် ၈၁၄ ဒသမ ၃၇ ဘီလီယံအထိ ရှိလာခဲ့ကြောင်း၊ ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက် လွန်ခဲ့သည့် ငါးနှစ်အတွင်း၌ ဆေးရုံ ၂၂၅ ရုံ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဆေးရုံ ၁၀၀ ကို အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ အလားတူ ခရိုင်၊ မြို့နယ်ကုသရေးဆေးရုံ ၄၂၀ ရုံကို အသစ်တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ ကျေးလက်ကျန်းမာရေးဌာန ၂၂၅ ခု၊ တိုင်းရင်းဆေးရုံ ၄၄ ရုံ၊ သူနာပြုသားဖွားကျောင်း ကိုးကျောင်းကို အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ဆေးပညာလောက၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးရန်နှင့် အသိပညာများကို မျှဝေရန်၊ နောက်ဆုံး ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများနှင့် ထပ်မံပေါ်ပေါက်လာမည့်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေး ယခုညီလာခံတွင် ဆွေးနွေးတိုင်ပင်ကြရန်ဖြစ်ကြောင်း၊ ရှေ့လာမည့်ကာလများတွင် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးများ တိုးတက်လာစေရန် မည်သို့လုပ်ကိုင်ဆောင်ရွက်မည်နည်းဟူသည့် အချက်ကို ဝိုင်းဝန်းဆွေးနွေးကြရန် လိုအပ်ကြောင်း၊ ဆေးပညာလောကအတွက် နောက်ဆုံးပေါ် စိန်ခေါ်မှုများဖြစ်သည့် ဆားစ်ရောဂါ၊ အီဘိုလာဗိုင်းရပ်စ်နှင့် ယခုမျက်မှောက်ကာလတွင် ဖြစ်ပေါ်လျက်ရှိသည့် ဇီကာဗိုင်းရပ်စ် စသည့်ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ယခုညီလာခံတွင် နည်းလမ်းရှာဖွေ ဆွေးနွေးမည်ဟု မျှော်လင့်ပါကြောင်း။

နိုင်ငံအလိုက် လူဦးရေ၊ ယဉ်ကျေးမှုများ ကွဲပြားခြားနားသကဲ့သို့ မတူကွဲပြားသည့် ဆေးဝါးကုသမှုစနစ်ပုံစံများရှိနေကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ မြို့ပြတွင် နေထိုင်ကြသူများဖြစ်ပြီး ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဆရာဝန်အင်အား ဖြန့်ကြက်မှုမှာ သုံးသောင်းငါးထောင်ကျော်သာ ရှိသေးသည့်အတွက် ဆရာဝန်များ ပိုမိုမွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ ဆေးခန်းမရှိ၊ ဆရာဝန်၊ ဆရာမ မရှိသည့် ကျေးလက်ဒေသများ၌ ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုကောင်းမွန်လာစေရန် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိရာ တစ်ရွာလျှင် ကျန်းမာရေး ကျွမ်းကျင်သူတစ်ဦးနှုန်းနီးပါး ရှိနေမည်ဆိုပါက ပိုမိုကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်နိုင်မည်ဖြစ်ကြောင်း၊ တွေ့ကြုံရမည့် ပြဿနာအရပ်ရပ်ကိုလည်း ညှိနှိုင်းဖြေရှင်းနည်းဖြင့် ပူးပေါင်းဆွေးနွေးနိုင်သည့် ယဉ်ကျေးမှုရှိလာစေရန် ကြိုးပမ်းကြစေလိုပါကြောင်း ဖြင့် ပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးရဲမြက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကြီး ဆေးတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဆေးတက္ကသိုလ်အတွင်းရှိ ရုက္ခဗေဒဓာတ်ခွဲခန်း၊ သတ္တဗေဒဓာတ်ခွဲခန်း၊ ဓာတုဗေဒဌာနနှင့် ဓာတ်ခွဲခန်း၊ ရူပဗေဒဌာနနှင့် ဓာတ်ခွဲခန်း၊ စာသင်ခန်းမဆောင်များ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးဆေးတက္ကသိုလ် ခန်းမဆောင်၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းဇွေးအောင်က ဆေးတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းတွင်း သင်ကြားမှုဆိုင်ရာ အဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ ဆေးပညာဘာသာရပ် တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်ချက်များ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်စေရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များတွင် အဆင့်မီသည့် ဆေးတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ဆရာ၊ ဆရာမများ လိုအပ်ချက်အပေါ် ဖြည့်ဆည်းကူညီပေးရေး၊ ပညာသင် ကျောင်းသားများ ကောင်းမွန်စွာ ပညာသင်ယူနိုင်ရေး လိုအပ်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တောင်ကြီးဆေးတက္ကသိုလ် ပေါ်ပေါက်လာစေရန်အတွက် နေထိုင်သွားလာရေးကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆရာဝန်များ မွေးထုတ်ပေးနိုင်စေရေးနှင့် ပြည်သူလူထုအတွက် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးအပ်နိုင်ရန် ကျောင်းသား ကျောင်းသူများအနေဖြင့် မျှော်မှန်းချက် မြင့်မားစွာထား၍ ဆောင်ရွက်သွားရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကြီးဆေးတက္ကသိုလ် ဧည့်ဆောင် အဆောက်အအုံ(လေးခန်းတွဲ သုံးထပ်)၊ အမျိုးသမီးဆောင် အဆောက်အအုံ(၂၄ ခန်းတွဲ ငါးထပ်) များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အေးသာယာမြို့၌ မင်းကျန်စစ်အုပ်စု ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အေးသာယာပြည်သူ့အိမ်ရာ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ တိုက်ခန်းများ ပြန်လည်ရောင်းချပေးမည့် အစီအမံများ၊ လက်ရှိဆောင်ရွက်နေဆဲ လုပ်ငန်းဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

နည်းဥပဒေ ၈၉ အရ ရေလမ်းအခွန်ကောက်စခန်းများ ဖွင့်လှစ်ကောက်ခံရာတွင် အလျား ၃၉ ပေအောက် စက်တပ်နှင့် စက်မဲ့ရေယာဉ် တစ်စင်းလျှင် ပုံသေနှုန်းထား ငွေကျပ် ၂၀၀ ကောက်ခံမည်ဖြစ်ကြောင်း၊ ၃၉ ပေ အထက်ဖြစ်ပါက တန် ၁၀၀ အောက် ရေလမ်းတစ်မိုင်လျှင် တစ်တန်လျှင် ပြား ၄၀ နှုန်းနှင့် တန် ၁၀၀ အထက်ဖြစ်ပါက ပြား ၃၀ နှုန်းကျသင့်မည်ဖြစ်ကြောင်း၊ သွားလာ ခုတ်မောင်းမည့် ရေလမ်းမိုင်အတိုင်း တွက်ချက်ကောက်ခံခြင်းကြောင့် အကောက်စခန်းများတိုးချဲ့ဖွင့်လှစ်သော်လည်း ရေယာဉ်ဖြတ်သန်းခ ပိုမိုပေးဆောင်ရမည်မဟုတ်ကြောင်း သိရသည်။

"ကိုယ်သွားမယ့်ခရီးအတွက် မိုင်နှုန်းအတိုင်း ပေးဆောင်ပြီးရင် ကြားအကောက်စခန်းရှိနေလည်း ပေးစရာမလိုတော့ဘူး။ ဆောင်ပြီးသား ပြေစာပြလိုက်ရုံပဲ။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ်လိုင်စင်ထုတ်ပေးစဉ်က သတ်မှတ်တဲ့ ရေယာဉ်တန်ချိန်နဲ့ တွက်ချက်ကောက်ခံတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရောဝတီနှင့် ချင်းတွင်းမြစ်တွင် မန္တလေး၊ မကွေး၊ ပြည်၊ မုံရွာ ရေလမ်းအကောက်စခန်းများ ဖွင့်လှစ်ကောက်ခံနေပြီး ကလေးဝနှင့် ကသာရေလမ်းအကောက်စခန်းကို ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

◆ *ရှေ့ဖုံးမှ*

ပြည်ထောင်စု လွှတ်တော်ဆိုသည်မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာအတွင်းမှ ဥပဒေပြုရေးအာဏာကို သုံးစွဲခွင့်ရရှိထားသည့် နိုင်ငံတော်၏ အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပြီး ခက်မသုံးဖြာအတွင်းမှ ကျန်ရှိသည့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်များကိုလည်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေတိုင်းသည် ကိုယ်ကျိုးစီးပွား၊ အဖွဲ့အစည်းတစ်ခု အကျိုးစီးပွားထက် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးသည့် ဥပဒေများသာ ဖြစ်ကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများတွင်ပါဝင်သည့် ဥပဒေပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကိုယ်စားလှယ်များ တစ်ဦးချင်းလိုက်နာရမည့် တာဝန်များ၊ ကျင့်ဝတ်များ၊ စည်းကမ်းများကိုလည်း အသေအချာ ကြေညက်အောင် လေ့လာပြီး လိုက်နာကြရန်လိုအပ်မှာ ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာစေလိုသည့် ဆန္ဒ၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့်ဆန္ဒ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ ချမ်းသာကြွယ်ဝစေလိုသည့်ဆန္ဒများ အားလုံးတူတူညီညီရှိနေကြမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဥပဒေပြုလွှတ်တော်ကြီးအတွင်းကို ရောက်ရှိလာကြပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုး ပူးပေါင်းလုပ်ဆောင်ကြရာတွင်လည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲများ မထားကြဘဲ အစွန်းတရားများကို ရှောင်ရှားပြီး အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေး လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု လွှတ်တော်တွင် ဥပဒေပြုရေးတာဝန်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် အခြားကိစ္စများ တင်သွင်းခြင်း၊ ဝိုင်းဝန်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လွှတ်တော်သက်တမ်းအသစ်တစ်ခု စတင်ကျင်းပချိန်နှင့် အစိုးရအသစ်ဖွဲ့စည်းကြချိန်များတွင် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ဦးရေ ဝန်ကြီးဌာနအရေအတွက် အဆုံးအဖြတ်ပေးခြင်း လုပ်ငန်းစဉ်နှင့် ကတိသစ္စာပြုခြင်း လုပ်ငန်းများကို ပြည်ထောင်စု လွှတ်တော်ကြီးအတွင်း၌ ဆက်လက်ဆောင်ရွက်ရန် ရှိနေပါကြောင်း။




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

**နိုင်ငံတော်အတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်ဦးရေ ဝန်ကြီးဌာနအရေအတွက် အဆုံးအဖြတ်ပေးခြင်း လုပ်ငန်းစဉ်နှင့် ကတိသစ္စာပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိ**

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ တွင် ဖော်ပြထားသည့် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ကို အပ်နှင်းခံထားရသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်း ဆွေးနွေးဆုံးဖြတ်ပေးကြရမည် ဖြစ်ပါကြောင်း။

မိမိအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီ အခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများပိုမိုရရှိလာစေရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကတိပြုပြောကြားသည်။

ထို့နောက် လွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာကို လွှတ်တော်သို့ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**(နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ လွှတ်တော်နာယကက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများကို ၂၀၁၆ ခုနှစ် မတ်လ ၁၇ ရက်တွင် စတင်ကျင်းပရန် လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် လွှတ်တော်နာယကက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့၌ မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် ကိုယ်စားလှယ်တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီဖြင့် ထောက်ပံ့လှူဒါန်းရန် အဆိုကို လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယနေ့ စတင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၆၅၃ ဦးအနက် ၆၄၈ ဦး တက်ရောက်ခဲ့ကြပြီး ကိုယ်စားလှယ် (၅)ဦး ခွင့်တိုင်ကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၈-၂-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်မှုအခြေအနေ




**ရှင်းလင်းချက်**

တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း - ၆၅၃ ဦး

တက်ရောက်သည့် ကိုယ်စားလှယ်စုစုပေါင်း - ၆၄၈ ဦး

ခွင့်တိုင်ကြားသူ - ၅ ဦး

| | | | | |
|---|---|---|---|---|
| NLD | - | ၃၈၉ ဦး | = | ၆၀.၂၅ % |
| USDP | - | ၃၇ ဦး | = | ၅.၅၅ % |
| ANP | - | ၂၂ ဦး | = | ၃.၃၀ % |
| SNLD | - | ၁၅ ဦး | = | ၂.၃၀ % |
| ZCD | - | ၃ ဦး | = | ၀.၄၅ % |
| TNP | - | ၅ ဦး | = | ၀.၇၅ % |
| NUP | - | ၁ ဦး | = | ၀.၁၅ % |
| PNO | - | ၃ ဦး | = | ၀.၄၅ % |
| MNP | - | ၁ ဦး | = | ၀.၁၅ % |
| L.N.P.P | - | ၂ ဦး | = | ၀.၃၀ % |
| KSDP | - | ၁ ဦး | = | ၀.၁၅ % |
| WDP | - | ၁ ဦး | = | ၀.၁၅ % |
| KDUP | - | ၁ ဦး | = | ၀.၁၅ % |
| IC | - | ၁ ဦး | = | ၀.၁၅ % |
| DSPC | - | ၁၆၆ ဦး | = | ၂၅ % |
| Leave | - | ၅ ဦး | = | ၀.၇၅ % |

**ရှင်းလင်းချက်**

NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ANP - ရခိုင်အမျိုးသားပါတီ
SNLD - ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
NUP = တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
PNO - ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
KSDP - ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
WDP - "ဝ"ဒီမိုကရက်တစ်ပါတီ
KDUP = ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC - Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
Leave = ခွင့်တိုင်ကြားသူ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်ကော်မတီဝင်များ အမည်စာရင်း၊ အခွင့်အရေး၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ အတည်ပြုချက်ရယူ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအကြိမ် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ **(အပေါ်ပုံ)** ဖြည်သူ့လွှတ်တော်ကော်မတီဝင်များ အမည်စာရင်း၊ အခွင့်အရေး၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ၊ ကော်မတီတို့တွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ အခွင့်အရေး၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အထည်ပြုချက်ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီဥက္ကဋ္ဌတာဝန်ကို ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူးတာဝန်ကို အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့အား တာဝန်ပေးအပ်မည်ဖြစ်ကြောင်း ကြေညာသည်။

အလားတူ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီဥက္ကဋ္ဌတာဝန်ကို မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်နှင့် အတွင်းရေးမှူးတာဝန်ကို ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေး ပဉ္စမနေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကော်မတီတို့ကို အဖွဲ့ဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်း၊**

**လွှတ်တော်အခွင့်အရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူး ဒေါက်တာလှမိုး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကော်မတီတွင် ဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်နှင့် အတွင်းရေးမှူး ဦးဇုန်းတိန့်တို့အား တာဝန်ပေးအပ်**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **(ယာဝဲပုံ)** လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်လုံးကျွတ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းက ပေးပို့သည့် သဝဏ်လွှာကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

အဆိုပါ လွှတ်တော်အခွင့်အရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်နှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့ကို တာဝန်ပေးအပ်ကြောင်း ကြေညာသည်။

အလားတူ လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာပန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းအစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့ကို တာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်း၊**

**လွှတ်တော်အခွင့်အရေးကော်မတီတွင် ဥက္ကဋ္ဌဦးအေးသာအောင်နှင့် အတွင်းရေးမှူး ဦးမင်းဦး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် အတွင်းရေးမှူး ဦးကျော်နီနိုင်တို့အား တာဝန်ပေးအပ်**



# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွေးဦးစွာ ပြည်နယ်လွှတ်တော်သဘာပတိအဖြစ် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းထွဋ်အား သဘာပတိအဖြစ်တင်မြှောက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံးဆိုင်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်အား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပတမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရွေးဦးစွာ ပြည်နယ်လွှတ်တော်သဘာပတိအဖြစ် ရွှေကူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်းအား တင်မြှောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဗန်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းတင်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒိန်ခန်ဖုန်တို့ကို ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြကာ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပမှု လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး ပတမနေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေမျိုးမိတ်ဆွေ ၃၀ ဦး၊ ရန်ကုန်၊ မန္တလေးနှင့် မကွေးဆေးတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူ ၃၂ ဦး၊ ဂျာမနီနိုင်ငံသားနှစ်ဦး၊ National Democratic Institute မှ ဝန်ထမ်း ငါးဦး၊ UNDP/IPU&HoC မှ အုပ်ချုပ်သူနှင့် ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ၈၀ တို့သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမနေ့ပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမနေ့ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် သဘာပတိ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနေရာများကို ရွေးချယ်တင်မြှောက်ခဲ့သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သဘာပတိအဖြစ် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်-၂ မှ တိုင်းဒေသကြီး လွှတ်တော် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်-၁ မှ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ်-၂ မှ ဦးလင်းနိုင်မြင့်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

"ပထမဦးဆုံးဆိုတော့ စိတ်လှုပ်ရှားမှုတော့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တာဝန်ထမ်းဆောင်တဲ့နေရာမှာ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူလူထုရဲ့ အကျိုးကိုရှေးရှုပြီး တရားမျှတတဲ့ ဥပဒေတွေဖြစ်အောင် ပြင်ဆင်မှုတွေ၊ ပြဋ္ဌာန်းဖို့ လိုအပ်တဲ့ ဥပဒေသစ်တွေကိုပြုစုခြင်းနဲ့ အသစ်ရေးဆွဲခြင်းတွေကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားဆုံးဖြတ်ချက်တွေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ရဲ့ အဓိကတာဝန်ဟာ ဥပဒေပြုရေးတာဝန်ဖြစ်တာနဲ့အညီ ဥပဒေကြမ်းတွေ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းတွေကို ပြုလုပ်တဲ့နေရာမှာ ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်းရေး၊ လူမျိုးရေး၊ ဘာသာရေးစတဲ့ အဂတိတရားတွေကို ကင်းရှင်းစွာနဲ့ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတို့နဲ့အညီ ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လူထုရဲ့ အကျိုးစီးပွားကို ပိုမိုတိုးတက်အောင် အစွမ်းကုန်ဆောင်ရွက်သွားဖို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ ပူးပေါင်း လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ယနေ့ကျင်းပသည့် ပထမပုံမှန် အစည်းအဝေးတွင် ထည့်သွင်းပြောကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ရွေးချယ်တင်မြှောက်ခံရသော သဘာပတိ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ကတိသစ္စာပြုခြင်းများ ပြုလုပ်ခဲ့ပြီး ယခင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံမှ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်ပစ္စည်းများအား လွှဲပြောင်းရယူခဲ့သည်။ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးရှိရာ ၁၂၂ ဦးတက်ရောက်ခဲ့သဖြင့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၉ ဒသမ ၁၉ ရာခိုင်နှုန်းရှိခဲ့ရာ ခွင့်တစ်ဦးနှင့် ပျက်ကွက်သူမရှိကြောင်း သိရသည်။

**သတင်း-မောင်စိန်လွှင်(မြန်မာ့အလင်း)**

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်နိုင်ရေး ရက်သတ်မှတ်ကြေညာ

**သတင်း- ဇင်ဦး၊ သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များမှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်ထားသည့် နေရာများတွင် ဒုတိယသမ္မတလောင်းများ အဆိုပြုရမည့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများ ပြုလုပ်ပြီး အစုအဖွဲ့တစ်ခုစီမှ ရွေးချယ်ထားသော ဒုတိယသမ္မတလောင်းများ အမည်စာရင်း တင်သွင်းပြီး မဲပေးရွေးချယ်နိုင်ရေးကို မတ်လ ၁၇ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယနေ့ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းက ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင်ကြေညာခဲ့သည်။

ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးနှင့် ပတ်သက်၍ ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များကို မေးမြန်းရာတွင် ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က "ရွေးကောက်ပွဲအောင်နိုင်တဲ့ကိုယ်စားလှယ်တွေနဲ့ သမ္မတရွေးချယ်ရေးကော်မတီ ဖွဲ့စည်းရေးမှာတော့ အခက်အခဲမရှိခဲ့ပါဘူး၊ အဆင်ပြေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အစိုးရဖွဲ့ပြီး အစိုးရအလွှဲအပြောင်းအတွက်ကတော့ အဖွဲ့ ဖွဲ့ထားတာရှိပါတယ်။ ဦးဝင်းထိန်၊ ဒေါက်တာ အောင်သူ၊ နောက် ဒေါက်တာ မျိုးအောင် ပါပါတယ်။ တစ်ဖက်မှာလည်း လက်ရှိအစိုးရကနေ အဖွဲ့ ဖွဲ့ထားတာရှိပါတယ်။ ဒီအဖွဲ့ နှစ်ဖွဲ့ တိုင်ပင်ပြီး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အစိုးရအဖွဲ့မှာ သမ္မတအမည်စာရင်းကိုတော့ ကျွန်တော်မသိပါဘူး။ ပြည်ထောင်စုလွှတ်တော်က ဒီနေ့မှာ ပထမဆုံးစခေါ်တာ၊ ပြည်သူ့လွှတ်တော်ခေါ်ပြီးနောက် ၁၅ ရက်အတွင်းမှာ ခေါ်ရမယ်ဆိုတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ဒုတိယသမ္မတများ အမည်စာရင်း တင်သွင်းနိုင်ရေး ရက်သတ်မှတ်ပေးဖို့ မလုပ်မနေ လုပ်ရမယ့် လုပ်ငန်းစဉ်တစ်ရပ် အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကို ခေါ်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးနေသည်ကို တွေ့ရစဉ်။



ဦးထွန်းအောင်(ခ)
ဦးထွန်းထွန်းဟိန်



ဦးစိုင်းသီဟကျော်

ဆက်လက်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်းမိုင်းယန်းမဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က "ဒုတိယသမ္မတ ဖြစ်နိုင်ခြေရှိတဲ့သူတွေကို ရွေးချယ်တင်မြှောက်သွားမှာ ဖြစ်ပါတယ်။ တင်မြှောက်လာတဲ့ ဒုတိယသမ္မတတွေပေါ်မှာ သူတို့ရဲ့ မှတ်တမ်းတွေ သိဖို့လိုပါတယ်၊ ဒီလိုသိမှလည်း စဉ်းစားသုံးသပ်ပြီးတော့ မဲထည့်သင့် မထည့်သင့်ကို စဉ်းစားရမှာဖြစ်တယ်။ ကျွန်တော်တို့စဉ်းစားရမှာက အဓိကတက်လာမယ့် နိုင်ငံ့ခေါင်းဆောင်တွေဟာ စိတ်သဘောရိုးသားဖြောင့်မတ်တဲ့ သူတွေဖြစ်ရပါမယ်။ သင့်တင့်မျှတတဲ့အရည်အချင်း၊ နိုင်ငံကို ဦးဆောင်နိုင်မယ့် အရည်အချင်းနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ဖို့ မျှော်လင့်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၅၉(စ)နဲ့ပတ်သက်ပြီး အများအားဖြင့် မီဒီယာဘက်က ပြောကြားတာပဲရှိပါသေးတယ်။ ကာယကံရှင်ပါတီဘက်က ဘယ်လိုတွေ လုပ်မယ်ဆိုတာ ထုတ်ပြန်ပြောကြားခြင်းမရှိသေးပါဘူး။ လက်ရှိအနေအထားအရ ရွေးချယ်တင်မြှောက်ရေးကိစ္စရပ်တွေမှာ မဲအများဆုံးအနိုင်ရရှိထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ချောချောမွေ့မွေ့ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယသမ္မတများ ရွေးချယ်ရာတွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နိုင်ရေးနှင့် ပတ်သက်၍ မေးမြန်းရာတွင် "အမျိုးသား လွှတ်တော်အနေနဲ့ တိုင်းရင်းသားတစ်ယောက်တင်သင့်တယ်လို့ ယူဆပါတယ်။ ဘယ်တိုင်းရင်းသားဖြစ်ရမယ်လို့တော့ မပြောလိုပါဘူး။ တကယ့်ဖွဲ့စည်းပုံမှာ ပြည်သူ့လွှတ်တော်ဆိုတာ လူဦးရေအများစုအပေါ်မှာ အခြေခံထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်သူပဲဖြစ်ဖြစ် ရွေးချယ်လို့ရတယ်။ အမျိုးသားလွှတ်တော်မှာကျတော့ တိုင်းရင်းသားတွေကို အဓိကဖော်ပေးထားတယ်။ ပြည်နယ်တွေကို အခြေခံထားတဲ့ လွှတ်တော်တစ်ခုဖြစ်တယ်။ အဲဒါကြောင့် တိုင်းရင်းသားတစ်ယောက်ဖြစ်ရင်တော့ ကောင်းတာပေါ့။ တိုင်းရင်းသားထဲမှာမှ ဘယ်လောက်အရည်အချင်းရှိပြီး ဘယ်လောက် နိုင်ငံတော်အပေါ် လုပ်ပေးနိုင်တဲ့သူ ဖြစ်မလဲဆိုတာကျတော့ ရွေးချယ်မယ့် အစုအဖွဲ့ကိုယ်စားလှယ်တွေအပေါ် မူတည်ပါတယ်။ လက်ရှိအခင်းအကျင်းမှာလည်း ထပ်ပြီးဦးဆောင်မယ့်ပုံစံကတော့ တစ်မျိုးတစ်ဖုံပြောင်းလဲသွားမယ်လို့ ယူဆပါတယ်"ဟု မိုင်းယန်းမဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က ဆက်လက်ပြောကြားသည်။

ယနေ့ ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးပထမနေ့တွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ်တစ်ရက်စာ လှူဒါန်းရေး ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။ ကိုယ်စားလှယ်တစ်ဦး၏ နေ့တွက်စရိတ်မှာ တစ်ရက်လျှင် ငွေကျပ်နှစ်သောင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၀၀ ကျော်ရှိသည့်အတွက် ပထမဆုံး ပြည်ထောင်စုလွှတ်တော်ခေါ်သည့် နေ့မှစ၍ တစ်ရက်လျှင် ကျပ်သိန်း ၁၂၀ ကျော် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောဖုံးမှ**

မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ ကျယ်ပြန့်လာသည်နှင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း လျော့ချနိုင်မည်ဖြစ်ကြောင်း၊ အော်ရီဒူးဆက်သွယ်ရေးကုမ္ပဏီအနေဖြင့် ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်ချိန် ၂၀၁၄ ခုနှစ်မှစတင်ပြီး သုံးစွဲသူဦးရေသန်းပေါင်းများစွာရှိခဲ့ပြီး ၎င်း၏ သရီးဂျီနည်းပညာကို မြန်မာနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ယခုရင်းနှီးမြှုပ်နှံမှုသည်မြန်မာပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံ တည်ဆောက်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန်အတွက် မိမိတို့၏ထောက်ပံ့မှုဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် ဗီကရန်ကူးမားက ပြောကြားသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၊ ပုဂ္ဂလိကလုပ်ငန်းဌာနညွှန်ကြားရေးမှူး ခရစ္စတိုဖာသိန်းစ်ကလည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တယ်လီကွန်းဆက်သွယ်မှုနှုန်း အနိမ့်ဆုံးနိုင်ငံထဲတွင် ပါဝင်ဆဲဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် အခြေခံလူတန်းစားအလွှာများအကြားတွင် မိုဘိုင်းဖုန်းကဲ့သို့သော အရေးကြီးသည့် ဆက်သွယ်ရေးကိရိယာများ ကိုင်ဆောင်မှုအားနည်းနေသေးကြောင်း ပြောကြားသည်။

အဆိုပါ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်အရ အော်ရီဒူးမြန်မာ ဆက်သွယ်ရေးကုမ္ပဏီအနေဖြင့် မြန်မာလုပ်သားထောင်ပေါင်းများစွာကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုနည်းပညာတွင် မိုဘိုင်းဘဏ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်ပညာပေးရေးဆိုင်ရာများ ပါဝင်မည်ဖြစ်ပြီး ဝင်ငွေနည်းသောမိသားစုများနှင့် အမျိုးသမီးများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ အော်ရီဒူး၏ အဆိုပါဆက်သွယ်ရေးကွန်ရက်သည် ပြည်သူများအကြား စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ဆောင်ရွက်ပေးမည် ဖြစ်သည်။

အဆိုပါ ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကိုအသုံးပြု၍ တာဝါတိုင်တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းခန့်မှန်းခြေ တိုင်းတာရေးလုပ်ငန်းကို ကနေဒါရာသီဥတုရန်ပုံငွေ အမေရိကန်ဒေါ်လာတစ်သန်းရယူပြီး အဒီဘီကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**India Infoline News Service**

# ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်

**ပုသိမ် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပသည်။

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီကို အစည်းအဝေးသဘာပတိအဖြစ် တင်မြှောက်ပြီး အင်္ဂပူမြို့နယ် မဲဆန္ဒ နယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခိုင်ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဘိုကလေးမြို့နယ် မဲဆန္ဒ နယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံမင်းအောင်ကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်

**မန္တလေး ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ စတင်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် သဘာပတိအဖြစ် ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောအား ရွေးချယ်သည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဌေးအား တင်မြှောက်သည်။ ထို့နောက် သဘာပတိရှေ့မှောက်တွင် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်

**ဟားခါး ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ ဖလမ်းမဲဆန္ဒနယ်(၁)မှ ဦးဆလိုင်းလျံလွှယ်အား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်သည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဟားခါးမဲဆန္ဒနယ် အမှတ်(၀)မှ ဦးဇိုဘွဲ့နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် မင်းတပ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းတို့အား ရွေးချယ်ပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ **CL ထန်းငါ(မြန်မာ့အလင်း)**

# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်

**မော်လမြိုင် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အစည်းအဝေး(ပထမ)နေ့ကို မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် အထက်လမ်းမကြီးရှိ လွှတ်တော်ခန်းမ၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၀၀ နာရီကကျင်းပရာ ရှေးဦးစွာ ပြည်နယ်လွှတ်တော် သဘာပတိအဖြစ် ဒေါက်တာအေးစံ ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)ကို ရွေးချယ်သည်။

ဆက်လက်၍ ဒေါ်တင်အိ သံဖြူဇရပ်မြို့ မဲဆန္ဒနယ်အမှတ်(၁)ကို မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဦးမင်းမင်းဦး ဘီးလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)ကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာခံယူကြသည်။ **တင်ထွန်း**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မြန်မာ့အလင်း)**

# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံးဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၈

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏အစီအစဉ်ဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးဖွင့်ပွဲနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် အိုးဘိုတန်းလမ်းရှိ အဆိုပါရုံးတည်နေရာ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဦးစီးမှူးရုံးအား တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဦးစီးမှူးရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် တိုင်းဦးစီးမှူးရုံးဖွင့်ပွဲနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ဒုတိယပိုင်းအစီအစဉ်အား ပုသိမ်ဟိုတယ် ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ ယနေ့ဖွင့်လှစ်သော ရုံးခွဲသည် တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ပြီး အကောင်အထည်ဖော်ရာတွင် ထိရောက်စွာ အထောက်အကူပေးမည်ဟု ယုံကြည်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများ ဖွင့်လှစ်ခြင်းသည် နောင်ပေါ်ပေါက်လာမည့် အစိုးရလက်ထက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အတွက် လိုအပ်လာမည့်အနာဂတ် ကွက်လပ်ကို လက်ရှိအစိုးရအနေဖြင့် ကြိုတင်ဖြည့်ဆည်းခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးသည် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းသော တိုင်းဒေသကြီးဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အကူအညီရယူကာ ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် အလားအလာများအားလည်းကောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော လုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကယ်ဆယ်ရေးစခန်းမှာ တာဝန်ရှိသူတွေနဲ့ အလှူရှင်တွေရဲ့ ကူညီစီမံပေးမှုကို ကျေနပ်ပါတယ်



ဦးပင်းဇော်ဆွေ



ဦးမြင့်ကြိုင်

**လပွတ္တာမြို့မှ မီးဘေးကယ်ဆယ်ရေးစခန်း၌ တာဝန်ရှိသူများဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မီးဘေးသင့်ပြည်သူတို့၏ လက်ရှိအခြေအနေတွေ့ဆုံမေးမြန်းမှုကို ဖော်ပြရမည်ဆိုပါက -**

**ဦးဝင်းဇော်ဆွေ(ဒုတိယညွှန်ကြားရေးမှူး၊**
**ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနဦးစီးမှူး)**

**မေး - ဆရာတို့ ဌာနအနေနဲ့ မီးဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ထားရှိမှုအပိုင်းကို သိပါရစေ။**

ဖြေ - ကျွန်တော်တို့ဌာနအနေနဲ့ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးနဲ့ ဆန်ရိက္ခာ ခုနစ်ရက်စာ ထောက်ပံ့ပေးထားပါတယ်။ ဒါ့အပြင် ပြန်လည်ထူထောင်ရေးအတွက်လည်း အိမ်တစ်လုံးကို အိမ်ဆောက်ပစ္စည်း ငွေကျပ်သုံးသိန်းဖိုး ကူညီထောက်ပံ့ပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး - အခုလက်ရှိ ကယ်ဆယ်ရေးစခန်းမှာ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ - အခုလောလောဆယ် အားလုံးအဆင်ပြေအောင် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ထားပါတယ်။ ပထမရက်တွေထက်စာရင်တော့ အခုပိုပြီး အစီအစဉ်ကျလာပါပြီ။ လောလောဆယ် ပြောပလောက်တဲ့ အခက်အခဲမရှိသေးပါဘူး။

**မေး - အလှူရှင်တွေ လာရောက်ဆက်သွယ်လှူဒါန်းမှုအနေနဲ့ကော။**

ဖြေ - အလှူရှင်တွေတဖွဲဖွဲ ရောက်လာပါတယ်။ အဲဒီအလှူရှင်တွေက အစားအစာ၊ အဝတ်အထည်၊ စောင်၊ ဆီ၊ ဆန်၊ ငွေကြေးတွေ လှူဒါန်းထောက်ပံ့ပေးကြပါတယ်။ အားရစရာကောင်းပါတယ်ဗျာ။ ကျွန်တော်တို့အနေနဲ့ကလည်း အလှူရှင်တွေရဲ့ ဆန္ဒအတိုင်း မီးဘေးသင့်ပြည်သူတွေလက်ဝယ် တိုက်ရိုက်လှူဒါန်းချင်တယ်ဆိုရင် လက်ဝယ်အရောက်လှူဒါန်းပေးဖို့ စီစဉ်ပေးပါတယ်။ ကျွန်တော်တို့ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီကတစ်ဆင့် လှူဒါန်းချင်တယ်ဆိုရင်လည်း မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီက မီးဘေးသင့်ပြည်သူတွေ လက်ဝယ်အမြန်ဆုံးရောက်ရှိအောင် စီစဉ်လှူဒါန်းပေးလျက်ရှိပါတယ်။

**မေး - အခုရက်ပိုင်း မြို့နယ်များမှာ မီးဘေးသင့်ပြည်သူတွေအတွက် အလှူခံနေကြတာ ကြားသိတွေ့နေရပါတယ်။ ဆရာက မီးဘေးသင့်ပြည်သူတွေကို အနီးကပ်စောင့်ရှောက်ပေးနေရသူအနေနဲ့ ပြောချင်တဲ့ စကားလေး သိပါရစေ။**

ဖြေ - ဟုတ်ကဲ့ပါ၊ အလှူရှင်ကို ပြီးခဲ့တဲ့ ၂၀၁၅ ခု နွှန်၊ ဇူလိုင်၊ ဩဂုတ်မှာ ဖြစ်ခဲ့တဲ့ ရေဘေးမှာကတည်းက အားရမိပါတယ်။ ဒီအလှူရှင်အဖွဲ့တွေရဲ့ ကူညီမှုကတစ်ဆင့် လာရောက်လှူဒါန်းမှုတွေရှိခဲ့တဲ့အပေါ် ကျေနပ်ဝမ်းသာပါတယ်။ အခုလည်းပဲ နမ့်ဆန်နဲ့ လပွတ္တာမီးဘေးအတွက် အလှူခံနေသူတွေကတစ်ဆင့် မီးဘေးသင့်ဒေသတွေကို လာရောက်လှူဒါန်းနေပါတယ်။ အဲဒီအလှူရှင်တွေကလည်း မီးဘေးသင့်ပြည်သူတွေအတွက် ပိုပြီးအားဖြစ်စေပါတယ်။ အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေမယ်လို့လည်း ယုံကြည်ပါတယ်။

အခုကာလကတော့ တုံ့ပြန်မှုအပိုင်းဆောင်ရွက်ခဲ့ပြီးတဲ့ နောက်မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းလုပ်တဲ့အပိုင်း ရောက်လာပါတော့မယ်။ အဲဒီအခါကျရင် မီးဘေးသင့်ပြည်သူတွေအတွက် အိမ်ဆောက်ပစ္စည်းတွေ၊ ငွေကြေးတွေ လိုအပ်လာပါလိမ့်မယ်။ အလှူရှင်တွေက ဖြည့်ဆည်းပိုင်းဝန်းလှူဒါန်းပေးကြရင် ပိုပြီးလျင်မြန်စွာ ပြန်လည်ထူထောင်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အလှူရှင်တွေအနေနဲ့ ပြန်လည်ထူထောင်ရေးကာလမှာလည်း ပိုပြီးပါဝင်လှူဒါန်းပေးကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော်တို့ခရိုင်နှင့် မြို့နယ်သဘာဝဘေး စီမံခန့် ခွဲမှုကော်မတီဝင်များကလည်း အဆင့်ဆင့်ညွှန်ကြားချက်တွေနဲ့အညီ ခရိုင်နဲ့ မြို့နယ်ဌာနဆိုင်ရာတွေအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေပါ ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဦးမြင့်ကြိုင်(မီးဘေးသင့်ပြည်သူ)**

**မေး - လက်ရှိမီးလောင်ပြင်အခြေအနေလေး ပြောပြပေးပါဦး။**

ဖြေ - ကျွန်တော်တို့ မြေနေရာတွေကို အားလုံးရှင်းပြီးသွားပါပြီ။

**မေး - ဦးလေးတို့ ယာယီတည်းခိုနေတဲ့ ကယ်ဆယ်ရေးစခန်းမှာ နေထိုင်စားသောက်မှုအဆင်ပြေပါသလား၊ အခက်အခဲများရှိရင်ပြောပြပေးပါ။**

ဖြေ - စားမှုသောက်မှုအားလုံးအဆင်ပြေပါတယ်။ ငွေကြေးထောက်ပံ့မှုတွေလည်း ရှိပါတယ်။ လူများတော့လည်း နည်းနည်းပါးပါး အခက်အခဲကတော့ ရှိကောင်းရှိနိုင်ပါတယ်။ ကျွန်တော့်အတွက်တော့ အဆင်ပြေပါတယ်။ တချို့ကျတော့လည်း အိမ်ပိုင်မရှိဘဲ စာရင်းလာပေးတာတွေ ရှိနေပါတယ်။ ရပ်ကွက်လူကြီးတွေက သိနေတဲ့အတွက် ပယ်ချရတဲ့အခါ နည်းနည်းတော့ မကျေနပ်မှုတွေတော့ရှိပါတယ်။ ဥပမာ-လမ်းဘေးမှာဈေးရောင်းတဲ့သူက အိမ်ပိုင်ရှင်စာရင်းဝင်ပေးထားတော့ ခက်တာပေ့ါ။ ရပ်ကွက်လူကြီးတွေက စိစစ်ပေးပါတယ်။ အိမ်ပိုင်၊ အိမ်ငှား၊ ယာယီ(မနက်ဆိုင်လာဖွင့်ညနေပြန်သူ)ဆိုပြီး သုံးမျိုးခွဲပေးပါတယ်။ အခုကတော့ ဆုံးရှုံးမှု အနည်းအများအလိုက်ပေ့ါ။ အဲဒီထဲမှာ မဆိုင်တဲ့သူတွေဝင်ပါနေတော့ စိစဉ်တဲ့သူတွေ ခေါင်းရှုပ်ရပါတယ်။ ကျွန်တော့်အမြင်မှာ ပြောပလောက်တဲ့ အခက်အခဲမရှိပါဘူး။

**မေး - လက်ရှိအခက်အခဲတွေနဲ့ တာဝန်ရှိသူတွေဆောင်ရွက်နေမှုကို ကျေနပ်မှုရှိပါသလား။**

ဖြေ - ကျွန်တော်တို့က အခုချိန်မှာ ကိုယ့်နေရာနဲ့ကိုယ် လုပ်ငန်းတွေ အမြန်ဆုံးပြန်စနိုင်ဖို့ကို ခေါင်းထဲထည့် ကြိုးစားနေရပါတယ်။ နောက်ကယ်ဆယ်ရေးစခန်းမှာ တာဝန်ယူထားတဲ့ တာဝန်ရှိသူတွေ၊ ထောက်ပံ့နေတဲ့အလှူရှင်တွေရဲ့ ကူညီစီမံပေးမှုတွေကို ကျေနပ်အားရပါတယ်။ ကျေးဇူးတင်ပါတယ်။ သူတို့အုပ်ချုပ်ရေးပိုင်းကလည်း ရသင့်ရထိုက်တဲ့သူတွေ ထောက်ပံ့ပေးနိုင်အောင် တကယ့်ကို စိစစ်ပေးနေပါတယ်။

အုပ်ချုပ်ရေးပိုင်းကို ကျွန်တော့်အမြင်မှာ ပြတ်သားတယ်၊ အိမ်ရှင်၊ အိမ်ငှား၊ ဆိုင်ရှင်မဟုတ်သူတွေကို ငွေကြေးလုံးပမထောက်ပံ့ပါဘူး။ သေချာစိစစ်ပြီးမှ အမှန်တကယ် နစ်နာသူတွေလက်ထဲရောက်အောင် လုပ်နေတာတွေ့ရပါတယ်။ ဆုံးရှုံးမှုအနည်းအများအလိုက် မျှတအောင် စီစဉ်ပေးပါတယ်။ ဦးဆောင်လုပ်ပေးသူတွေထဲမှာ ကိုယ့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေပါနေတော့ ပိုသိတာပေ့ါ။ တချို့ကိစ္စတွေမှာ အယောင်ဆောင်တွေရှိနေတတ်တော့ စိစစ်တာမျိုးပဲရှိပါတယ်။ **တွေ့ဆုံမေးမြန်း-သူဇာနွယ်(မျာပုံ)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ နမ့်ဆန်နှင့် လပ္ပတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နမ့်ဆန်မြို့နှင့် လပ္ပတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့်အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးရန်နိုင်ထွန်း (ဒုတိယအမြဲတမ်းအတွင်းဝန်)-ဒေါ်ဥမ္မာလှိုင်(မိသားစု)က ငွေကျပ် ၁၁၅၀၀၀၊ ဦးကျော်သူဟိန်း-ဒေါ်စုဝေနွယ်(မိသားစု)က ငွေကျပ် ၃၀၀၀၀ တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်သို့ လာရောက်လှူဒါန်းသည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးအောင်ခင်(မိသားစု) လှိုင်သာယာမြို့နယ်က လပ္ပတ္တာမြို့ မီးဘေးအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် နမ့်ဆန်မြို့မီးဘေးအတွက် ငွေကျပ် ၁၀၀၀၀၀၊ ဦးထွန်းအောင်-ဒေါ်ခင်မာဝင်း(မိသားစု)က အင်းစိန်မြို့နယ်က နမ့်ဆန်မြို့မီးဘေးအတွက် ငွေကျပ် ၃၀၀၀၀ နှင့် အဝတ်အထည်မျိုးစုံ ပီနံအိတ်နှစ်လုံး၊ Stannion Hotel ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်က နှစ်ယောက်အိပ်စောင် ခုနစ်ထည်၊ ဒေါ်အေးမြင့်(မိသားစု)က ငွေကျပ် ၅၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။

ကချင်ပြည်နယ်ဦးစီးမှူးရုံး ဦးရဲနောင်(ပင်စင်ဦးစီးဌာန ဦးစီးအရာရှိ)က ငွေကျပ် ၁၀၀၀၀၀၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးက ငွေကျပ် ၂၀၀၀၀၀၊ တရင်ပြည်နယ်ဦးစီးမှူးရုံး၌ ဦးမိုးကျော်သူ-ဒေါ်နန်းဝင်းကြည်သိန်းက ငွေကျပ် ၅၀၀၀၀၊ ဦးစောဟန်သိန်း-ဒေါ်နန်းစိန်သင်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ အထည်စုံ ၅၀ ပါ နှစ်ထုပ်၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးမျိုးတင့်(ပညာရေးအငြိမ်းစား)-ဒေါ်ခင်သန်းရီ(မိသားစု)က ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ ငွေကျပ် ၈၇၅၀၀၀ ဖြစ်ပါသဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ မီးဘေးသင့်ပြည်သူများအတွက် စုစုပေါင်းလှူဒါန်းရရှိငွေမှာ ငွေကျပ် ၃၀၀၃၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၄၀၀ ကျော်ဖိုးရှိပစ္စည်းများ တာချီလိတ်မြို့မှ ပထမအကြိမ် သွားရောက်လှူဒါန်း

**တာချီလိတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား တာချီလိတ်မြို့ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိရော စန ကြီးမှူးဦးဆောင်၍ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်မင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ အနန္တဂုဏ်ရည်ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဖြိုးရိုန်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ထိုင်းနိုင်ငံမှ အလှူရှင်များ လှူဒါန်းထားသည် ငွေကျပ်သိန်း ၄၀၀ ကျော်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများအား ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီက မော်တော်ယာဉ်များဖြင့် ပထမအကြိမ် သွားရောက်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၅ အိတ်၊ စားဆီ ၁၅ ပုံး၊ မားမားခေါက်ဆွဲ၊ ငါးသေတ္တာ စသည့် စားသောက်ဖွယ်ရာများ၊ အမျိုးသားအမျိုးသမီးဝတ်နှင့် ကလေးဝတ်အဝတ်အထည်များ၊ စောင်၊ ခေါင်းအုံး၊ ကြွေပန်းကန်ပြား အရွယ်စုံ၊ ရေပုံး၊ ရေခွက်၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည် စသည့်အသုံးအဆောင်ပစ္စည်းများနှင့် ဆေးမျိုးစုံ ၁၅ ဖာ အပါအဝင် စုစုပေါင်း ပစ္စည်း ၃၈ မျိုး ပါဝင်ပြီး တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၄၀၀ ကျော်ဖိုးရှိကာ အလှူရှင်များမှ လှူဒါန်းထားသည့် အလှူငွေများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၇ ရက်ကလည်း ဧရာဝတီဖောင်ဒေးရှင်းက မီးဘေးသင့်အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၂၉၂ စုအတွက် ငွေကျပ် ၅၈၄ သိန်း၊ အကယ်ဒမီဖောင်ဒေးရှင်းက ငွေကျပ် ၃၈ သိန်း၊ လွယ်ဟိန်းကုမ္ပဏီက အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၉၂ သိန်းနှင့် ရေသန့် တစ်ဆွဲစီ၊ ဝေဠုကျော်ဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၅၀ နှင့် ဆန်အိတ် ၂၀၀၊ ကျောင်းသုံးစာရေးကိရိယာများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)က ငွေကျပ် သိန်း ၁၀၀၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ငွေကျပ် သိန်း ၁၀၀၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ အနယ်နယ်အရပ်ရပ်မှ ကရုဏာရှင် အလှူရှင်များက ငွေကျပ် ၅၂၉၉၀၀၀၀၊ ဆန် ၆၄၉ အိတ်၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ စောင်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**





# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မျှော်လင့်

**နမ့်ဆန် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ဖေဖော်ဝါရီ ၄ ရက်က လောင်ကျွမ်းခဲ့သည့်မီးကြောင့် မီးဘေးသင့်ပြည်သူများ အနေဖြင့် လက်ရှိတွင် အဝတ်အထည်၊ အစားအသောက် စသည့်ထောက်ပံ့ပစ္စည်းများ အထိုက်အလျောက်ရရှိနေသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"အခုချိန်မှာ ကျွန်မတို့အတွက် အရေးကြီးတာက ပြန်လည်ထူထောင်ရေးပါပဲ။ အခု နေစရာမရှိတဲ့အတွက် အိမ်ရာတွေကို ပြန်ဆောက်ပေးစေချင်ပါတယ်။ စားဝတ်နေရေးက အဆင်ပြေပေမယ့် နေစရာအိမ်နဲ့ စီးပွားရေးအတွက် ပြန်လည်ထူထောင်မှုတွေက မဖြစ်မနေလိုအပ်နေပါတယ်" ဟု မင်္ဂလာရပ်ကွက်မှ မီးဘေးသင့်ပြည်သူ မရီရီခင်က ပြောသည်။ မီးလောင်မှုကြောင့် မင်္ဂလာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်တို့ရှိ အိမ်ခြေ ၂၀၉ အိမ်ပါဝင်ခဲ့ပြီး အိမ်ထောင်စု ၂၉၂ စုနှင့် လူဦးရေ ၁၂၉၉ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် မီးဘေးသင့်ပြည်သူများကို နမ့်ဆန်မြို့မဂိုဏ်းချုပ်ကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည်။

"နိုင်ငံတော်အစိုးရနဲ့ အနယ်နယ်အရပ်ရပ်က အဖွဲ့အစည်းတွေ၊ ပြည်သူတွေရဲ့ လာရောက်ထောက်ပံ့မှုတွေကြောင့် အဝတ်အထည်တွေနဲ့ စားစရာတွေက လတ်တလော လုံလောက်မှုရှိပါတယ်။ နေအိမ်တွေ ပြန်လည်တည်ဆောက်ဖို့အတွက် ငွေကြေးနဲ့ အဆောက်အအုံပစ္စည်းတွေ လိုနေသေးတယ်" ဟု နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်က ပြောကြားသည်။

"ကျွန်တော်တို့ လွယ်ဟိန်းကုမ္ပဏီအနေနဲ့ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူတွေအတွက် အိမ်ထောင်စုတစ်စုကိုငွေကျပ် တစ်သိန်းစီအပြင် သိန်း ၅၀ ကျော်တန်ဖိုးရှိတဲ့ Alpine သောက်ရေသန့်ဘူးတွေကို လာရောက်လှူဒါန်းပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ မီးဘေးသင့်ပြည်သူတွေ စားသောက်ဖို့အတွက် မပူပင်ရပေမယ့် နေထိုင်ဖို့ခက်ခဲနေတာကို တွေ့မြင်နေရပါတယ်။ လာရောက်လှူဒါန်းမယ့်သူတွေအနေနဲ့ မီးဘေးသင့်ပြည်သူတွေ အမြန်ဆုံးနေထိုင်နိုင်ဖို့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ငွေကြေးထောက်ပံ့ပေးနိုင်ရင် အကောင်းဆုံးပါပဲ" ဟု လွယ်ဟိန်းကုမ္ပဏီ၏ အရောင်းဒါရိုက်တာ ကိုသောင်းထိုက်ဆွေက ပြောသည်။

ယခုအချိန်တွင် နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ထူထောင်ရေးလုပ်ငန်းများအတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ပြင်ရှင်းလင်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ခရီးသွားပြည်သူများ ပုသိမ် ဝေန်မြစ်ကူးကြိုးတံတားကြီးပေါ် ယုံကြည်စိတ်ချစွာ သွားလာနိုင်ကြပြီ

**ပုသိမ် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် ဝေန်မြစ်ကူး ကြိုးတံတား အရှည်ပေ ၂၁၄၀ ထိပ် အနောက်ဘက်နှင့် ချဉ်းကပ်တံတားနှစ်ခုအကြား ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီခန့်က သံလက်မခန့် နိမ့်ကျသွားခြင်းကြောင့် တာဝန်ရှိသူတို့က ကြိုတင်ကာကွယ်သည့်အနေဖြင့် ခရီးသည်မော်တော်ယာဉ်များ ခရီးသည်နှင့်အတူ ဖြတ်သန်းသွားလာခွင့်မပြုရန်၊ ကုန်တင်ယာဉ်ကြီးများ လုံးဝဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် အသိပေးကြေညာခဲ့သည်။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းမော်နှင့် အင်ဂျင်နီယာချုပ် ဦးနေအောင်ရဲမြင့်တို့အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ပုသိမ် ဝေန်မြစ်ကူးကြိုးတံတားကြီး အခန်းများဖွဲ့စည်းထားပုံနှင့် တံတားအောက် သံတူကွန်ကရစ်တိုင်များ၊ အပေါ်သံပေါင်ကြိုးတန်းများ အစရှိသည်တို့ကို အသေးစိတ်စစ်ဆေးကြည့်ရှုကြသည်။ တံတားတည်ဆောက်ခဲ့သည့်ခုနှစ်မှာ ၂၀၀၄ ခုနှစ်ဖြစ်သဖြင့် ဆူနာမီနှင့် နာဂစ်မုန်တိုင်းများ ဖြတ်သန်းသည်ကိုပင် ကြံ့ကြံ့ခံနိုင်စွမ်းရှိခဲ့သည်။

သို့သော် တံတားကြီး၏ အနောက်ဘက်ကမ်းထိပ်နှင့် ချဉ်းကပ်တံတားထိပ်နှစ်ခုကြား၌ သံလက်မခန့် နိမ့်ကျသွားခြင်းမှာ ယခင်တည်ဆောက်စဉ်အခါက ကြိုးတံတားပုခက်လွဲအရှိန်ငြိမ်စေရန်အတွက် ကြိတ်ပြားများ ခုခံထားခဲ့သည့် မူလီရှစ်လုံးသံချေးစားမှုကြောင့် နိမ့်ကျသွားခြင်းဖြစ်သည်ဟု သိရသည်။

ယင်းတို့ကို နတ်ပေါက်များအသစ်ဖောက်၍ ပြုပြင်ဆောင်ရွက်လျက်ရှိနေခြင်းကြောင့် စိုးရိမ်စရာ လုံးဝမရှိပါကြောင်း၊ ဝေန်မြစ်ကူး တံတားကြီးသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကကုန်စည်ကူးသန်းရာ တံခါးပေါက်ကြီးဖြစ်သကဲ့သို့ အနောက်ရိုးမနှင့် ပင်လယ်ကမ်းခြေအဆုံး ငပုတော၊ ကျိုးကူး၊ ဟိုင်းကြီး၊ ငွေဆောင်၊ ချောင်းသာ၊ ရွှေသောင်ယံမြို့နယ်ခွဲများနှင့် သာပေါင်းမြို့နယ်အတွင်းရှိ ကျေးလက်တောရွာများမှ ကရင်၊ ဗမာ၊ ရခိုင်တိုင်းရင်းသားများ၊ တောင်သူလယ်သမားများ၊ ငါးပုစွန်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများအတွက် ရောင်းရေးဝယ်တာ ဖွံ့ဖြိုးရေးလမ်းမကြီးဖြစ်၍ နိုင်ငံတော်အကြီးအကဲများက ငွေကြေးမြောက်မြားစွာ အသုံးပြုတည်ဆောက်သကဲ့သို့ မြန်မာနိုင်ငံရှိ အင်ဂျင်နီယာများနှင့် နိုင်ငံခြားအင်ဂျင်နီယာများ ညှိနှိုင်းတိုင်ပင်ဆောက်လုပ်ထားရှိခဲ့သော တံတားကြီးဖြစ်ခြင်းကြောင့် ယုံကြည်စိတ်ချစွာ ဖြတ်သန်းသွားနိုင်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းမော်က ရှင်းလင်းပြောကြားသည်။

**ပုသိမ်-လှကြည်**

# သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်လုပ်ရေးအလုပ်ရုံဆွေးနွေး

**ပခုက္ကူ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရွှေပြည်ဟိန်းဟိုတယ်ခန်းမ၌ သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေး သုံးပွင့်ဆိုင်အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ရာတွင် အစိုးရ၊ ကုမ္ပဏီ၊ ဒေသခံလူ့အဖွဲ့အစည်းများ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်ရေးအတွက် ခရိုင်အဆင့် သုံးပွင့်ဆိုင် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ဒဏ်ကြေးကောက်ခံနေသော်လည်း ညအိပ်ရပ်နားဆဲ

သွန်းဝဿန်၊ ဓာတ်ပုံ- မြန်မာကားဈေးကွက်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းအတွင်းတွင် ဝယ်ခြင်း၊ ရောင်းခြင်းလုပ်ကိုင်ကြသည့်မော်တော်ယာဉ်များကို ညအိပ်ရပ်နားခွင့် မပြုသော်လည်း ယာဉ်ရပ်နားရန် နေရာအခက်အခဲကြောင့် ရပ်နားနေဆဲ ဖြစ်ပြီး ဒဏ်ကြေးပေးဆောင်ကာ ရပ်နားနေကြရကြောင်း သိရသည်။

အဆိုပါ သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေး စခန်းသည် မူလ သီရိမင်္ဂလာဈေးတွင်တည်ရှိပြီး မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ယာဉ်ရပ်နားရန် အခက်အခဲအရ ညအိပ်ရပ်နားခြင်းမပြုရန် စည်းကမ်းသတ်မှတ်ထားသော်လည်း နေ့စဉ်နှင့်အမျှ ရောင်းဝယ်ရေးစခန်းအတွင်းမှာပင် ယာဉ်များ ညအိပ်ရပ်နားနေရပြီး ဒဏ်ကြေးများကိုလည်း ပေးဆောင်နေရကြောင်း မော်တော်ကား အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ဇေလင်းက ပြောကြားသည်။

"ကျွန်တော်တို့အခက်အခဲက ရန်ကုန်တစ်မြို့လုံးမှာ ယာဉ်ရပ်နားစရာ ရှားပါးနေတဲ့ ပြဿနာဖြစ်ပါတယ်။ ဝယ်ရောင်းအလုပ်က နေ့စဉ်အဆင်ပြေတာမျိုးမရှိပါဘူး။ အရောင်းစင်တာဖွင့်တဲ့သူတွေအတွက်လည်း နေရာက မရှိတာကြောင့် ဒဏ်ကြေးကို သိပေမယ့်လည်း ယာဉ်ရောင်းဝယ်ရေးစခန်းထဲမှာ ရပ်နားထားကြရတယ်။ ဒါပေမယ့် အချို့ ဝယ်ရောင်းတွေနဲ့ လုပ်ငန်းရှင်တွေကျတော့ အချိန်ပြည့်ရပ်ထားပေမယ့် ဒဏ်ကြေးဆောင်တာ မတွေ့ရ တာမျိုးရှိပါတယ်။ ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ပေးဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီလက်အောက်တွင်ရှိပြီး နေ့စဉ်သတ်မှတ်ထားသည့် အခွန်အခများဖြင့် အရောင်းအဝယ်ပြုလုပ်ရာနေရာလည်း ဖြစ်သည်။ ညအိပ်ရပ်နားခွင့်ကို ၂၀၁၄ခုနှစ် ဩဂုတ် ၂၂ ရက်ကတည်းက တားမြစ်ထားခဲ့ပြီးယာဉ်ရပ်နားသည်ကို တွေ့ရှိရပါကဒဏ်ငွေကျပ်တစ်သောင်း သတ်မှတ်ကောက်ခံခဲ့ခြင်းဖြစ်သည်။

"စည်းကမ်းမလိုက်နာဘဲ ညအိပ်ရပ်နားတဲ့ယာဉ်တွေကို ဒဏ်ကြေးငွေတွေ ကောက်ခံလျက်ရှိပါတယ်။ ဒါပေမယ့် လာရောက်ရပ်နားနေဆဲဖြစ်ပါတယ်။ စပြီး စည်းကမ်းသတ် မှတ်တဲ့နေ့ကနေ ဒီနေ့အထိ ဒဏ်ကြေးကောက်ခံရရှိငွေ စုစုပေါင်း ငွေကျပ်သိန်း ၈၃ဝကျော်နေပြီဖြစ်ပါတယ်"ဟု သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းအတွင်းရှိ စည်ပင်သာယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်ရောင်းဝယ်ရေးစခန်းအတွင်း စည်းကမ်း သတ်မှတ်ခြင်းသည် ကောင်းမွန်သည့် ကိစ္စတစ်ရပ်ဖြစ်ပြီး မီးဘေးအန္တရာယ်အပါအဝင် လုံခြုံရေးကိစ္စများအတွက် စနစ်ကျနသော်လည်း အမှန်တကယ် လိုက်နာမှုအားနည်းနေခြင်းကို ဒဏ်ကြေးဖြင့် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် ဒဏ်ကြေးကို နေ့စဉ်ပေးအပ်ကာ ရပ်နားနေကြရသည့် မော်တော်ယာဉ်လုပ်ငန်းရှင်များနှင့် ဝယ်ရောင်းသမားများအတွက် နေရာအခက်အခဲ ပြဿနာကြောင့် အခက်အခဲများရှိနေကြောင်း ကားဝယ်ရောင်းများထံမှ သိရသည်။

"ဒဏ်ကြေးဆိုတာ စည်းကမ်းမလိုက်နာတဲ့အခါ နောက်တစ်ခါထပ်ပြီး စည်းကမ်းမမှဲအောင် မှတ်သားရအောင် လုပ်တာဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဆောင်နေရတဲ့ ဒဏ်ကြေးကတော့ မော်တော်ကား အရောင်းအဝယ် မဖြစ်မချင်း ဖြေရှင်းနေရပြီး သိပေမယ့်လည်း အခက်အခဲကြောင့် ပေးနေရတာဆိုတော့ ဒဏ်ကြေးနဲ့မတူတော့ပါဘူး။ အချို့ကားလုပ်ငန်းတွေရဲ့ ကားတွေကျတော့ ဒဏ်ကြေးပေးဆောင်နေရလားဆိုတာလည်း ကျွန်တော်တို့သေချာ မသိပါဘူး။ အမြဲရပ်ထားတာတော့ တွေ့နေတာပဲ။ ဖြစ်နိုင်ရင် ပေးအပ်တဲ့ ဒဏ်ကြေးဟာ အားလုံးအပေါ်မှာ အကျုံးဝင်ပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းတွေအတွက်ရောက်ရင်တော့ ကောင်းပါတယ်။ ကျွန်တော်တို့ မျှော်လင့်တာက သတ်မှတ်တဲ့ နှုန်းထားတစ်ခုခုနဲ့ ညအိပ်ရပ်နားဖို့ ခွင့်ပြုစေချင်ပါတယ်"ဟု ယာဉ်လုပ်ငန်းရှင်တစ်ဦးက သူ့ အမြင်ကို ပြောပြသည်။

ယာဉ်ရောင်းဝယ်ရေးစခန်းအတွင်း မော်တော်ယာဉ်များအား ည ၉နာရီအထိသာ ရပ်နားခွင့်ပြုပြီး ညအချိန်ရပ်နားပါက ဒဏ်ကြေးအဖြစ် ငွေကျပ်တစ်သောင်းကောက်ခံလျက်ရှိရာ စုစုပေါင်း ငွေကျပ် သိန်း ၈၃ဝ ကျော်ရရှိထားကြောင်း တရားဝင်ထုတ်ပြန်ထားသည်။





## [illegible] ပစ္စည်းများ ပေးအပ်



# ဗဟန်း(၃)လမ်း လူကူးခုံးကျော်တံတားတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းကျော်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်း/တံတား) ကြီးကြပ်မှုဖြင့် တည်ဆောက်လျက်ရှိသော ဗဟန်းမြို့နယ်အတွင်းမှ ဗဟန်း (၃)လမ်း လူကူးခုံးကျော်တံတားမှာ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက်က (**အပေါ်ပုံ**) တံတားတည်ဆောက်ရေးမှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးက ပြောသည်။ ယင်းလူကူးခုံးကျော်တံတားကို မြို့နယ်အတွင်းအသွားအလာများပြားသည့် ကန်တော်ကြီးပန်းခြံရှေ့ ဗဟန်း(၃)လမ်းမှတ်တိုင်အနီး ကမ္ဘာအေးဘုရားလမ်းကျယ်ပေါ်မှ ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုရက်ပိုင်းအတွင်း စက်လှေကားတပ်ဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်တော့မည်ဖြစ်ပြီး အမိုးအကာများကို မကြာမီတပ်ဆင်သွားတော့မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

တံတားကို အခြေခံမီနီဘိုးပိုင်စနစ်ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၁၁၀၊ လူသွားလမ်းအကျယ် ၁၁ ပေ သုံးလက်မ၊ ကင်းလွတ်အမြင့်ပေ ၂၀ ရှိမည် ဖြစ်ကြောင်းသိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

**နမ့်ဆန် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ မီးဘေးသင့်ပြည်သူများအား စေတနာရှင် အလှူရှင် အနယ်နယ်အရပ်ရပ်မှ လူမှုကူညီရေးအသင်းများက လာရောက်လှူဒါန်းပေးကြသော ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေကြေးများကို မီးဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်တွင်လည်း များပြားလျက်ရှိသည်။

ယနေ့အလှူရှင်များဖြစ်ကြသော ကျောက်ပန်းတောင်းပရဟိတအဖွဲ့မှ အိမ်ခြေ ၂၀၉ လုံးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၃၆၀၀၀၀၊ မင်းကွန်းရွှေဝင်တိပိဋကဆရာတော်မှ အိမ်ခြေ ၂၀၉ လုံးအတွက် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၁၈၀၀၀၀၊ One Added (ကျောက်မဲ)မှ အိမ်ထောင်စု ၂၉၃စုအတွက် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၃၉၅၀၀၀၊ နမ့်ခိုး(တောင်ကြီး)အဖွဲ့မှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၃၀၀၀၀၊ ကိုထွန်းအေးနှင့် မိတ်ဆွေများက ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၃၀၀၀၀၊ တိုးတက်အောင်ပွဲရုံမှ ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၃၀၀၀၀၊ ရွှေလီရွှေဆိုင်မှ ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၄၆၅၀၀၀ တို့ကို အလှူရှင်များက မီးဘေးသင့်ပြည်သူများထံ ကိုယ်တိုင်ပေးအပ်လှူဒါန်းကြသည်။

အလှူခံဌာနသို့ လာရောက်လှူဒါန်းကြသော လှူဒါန်းမှုစုစုပေါင်းမှာ ဦးထွန်းစိန်မိသားစု နေနဂါးလက်ဖက်ပွဲရုံ (မန္တလေး)မှ လှူဒါန်းသော ငွေကျပ် ၃၂၃၄၀၀၀၊ ဦးမောင်ရွှေ ရှမ်းနဂါးလက်ဖက်ပွဲရုံ (ပုသိမ်)မှ သိန်း ၁၀၀ အပါအဝင် ငွေကျပ် ၁၆၁၈၈၀၇၅၀၊ ဆန်အိတ် ၁၀၀၁အိတ်၊ ဆီ ၄၃ ပုံး၊ ဆီ ၄၇ ဖာနှင့် ၁၃ ပိဿာတို့အား နေရာဒေသအစုံမှ အလှူရှင် ၁၃၈ ဦးတို့ လာရောက်လှူဒါန်းကြသည်။

ယနေ့အလှူခံ အိမ်ထောင်စုတိုင်း၏ လက်ဝယ်သို့ ခွဲဝေပေးသော ပစ္စည်းများမှာ ရှမ်းရွှေတောင် လက်ဖက်တစ်ဖာစီ၊ ဆီငါးပိဿာစီ၊ ခေါက်ဆွဲငါးဖာစီခွဲဝေပေးခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ အလှူခံဌာနသို့ လာရောက်လှူဒါန်းသော ငွေသားစုစုပေါင်း ငွေကျပ် ၂၅၉၂၈၀၇၅၀ နှင့် ဆန်အိတ်ပေါင်း ၃၇၆၂ အိတ်ဖြစ်ပြီး စားနပ်ရိက္ခာများသည် နှစ်လတာအတွက် လုံလောက်မှုရှိနေပြီဖြစ်သည်။ လျှပ်စစ်မီးအနေဖြင့် ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီမှစ၍ နမ့်ဆန်တစ်မြို့လုံး ပြန်လည်ရရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

**(ခရိုင် ပြန်/ဆက်)**

# အမျိုးသမီးလမ်းလျှောက်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

အားကစားဝန်ကြီးဌာနနှင့် ဖယ်ရိုဇစ်(သံဓာတ်အားဖြည့်ဆေး)တို့ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် အမျိုးသမီးလမ်းလျှောက်ပွဲကြီးကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၅ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက အမျိုးသမီးထုတွေမှာ သံဓာတ်ချို့တဲ့မှုပြဿနာရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကယား၊ ရှမ်း၊ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီ၊ ဧရာဝတီတိုင်းဒေသကြီး တွေမှာ သွေးအားနည်းရောဂါအများဆုံးဖြစ်ပါတယ်။ အခုလိုလမ်းလျှောက်ပွဲ ကျင်းပပေးတာ အမျိုးသမီးထုတစ်ရပ်လုံးကို သွေးအားနည်းတာနဲ့ပတ်သက်ပြီး လှုံ့ဆော်ပေးတာဖြစ်ပါတယ်"ဟု ဖယ်ရိုဇစ်မှ ဒါရိုက်တာဒေါက်တာသင်းနိုင်ဦးက ပြောသည်။

အဆိုပါလမ်းလျှောက်ပွဲကို သုဝဏ္ဏအားကစားကွင်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဝေဇယန္တာလမ်းတစ်လျှောက် မေတ္တာလမ်းအထိ သတ်မှတ်အကွာအဝေး ကီလိုမီတာအားဖြင့် ငါးကီလိုမီတာ(သုံးမိုင်)ခန့်အကွာအဝေးရှိကြောင်း သိရသည်။ စုပေါင်းလမ်းလျှောက်ပွဲတွင် အကျွေးအမွေးနှင့် အမှတ်တရလက်ဆောင်ပေးအပ်မည့်အစီအစဉ်အပြင် လမ်းလျှောက်သူများအား သူနာပြုများက သွေးအားနည်းခြင်းကို စမ်းသပ်ပေးမည်ဖြစ်ပြီး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တေးသီချင်းများသီဆိုဖျော်ဖြေခြင်း၊ ဂိမ်းကစားမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ဖြေရှင်းအသိပေးချက်

**MNTV ၏ ၇-၂-၂၀၁၆ ရက်နေ့ ည ၇ နာရီ သတင်းအစီအစဉ်တွင် ပုဒ်မ ၅၉(စ)နှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်အချို့၏ သဘောထားများကို ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ လူမှုကွန်ရက်စာမျက်နှာများတွင် လွှတ်တော်ကိုယ်စားလှယ်အချို့၏ ပြောကြားချက်ကို ကောက်ယူပြီး ပုဒ်မ ၅၉(စ)နှင့် ပတ်သက်၍ ပြေလည်မှုရရှိပြီဟု ဖော်ပြနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါဖော်ပြချက်များမှာ MNTV သတင်းအစီအစဉ်မှ တင်ပြချက်များနှင့် ကွဲလွဲနေပါကြောင်းနှင့် MNTV အနေဖြင့် ပုဒ်မ၅၉(စ) ပြင်ဆင်မှု ပြေလည်မှုရရှိပြီဟု သတင်းထုတ်ပြန်ခဲ့ခြင်းမဟုတ်ပါကြောင်း ဖြေရှင်းအပ်ပါသည်။**

**MNTV News Department**

*စာမျက်နှာ ၁၅ မှ*

(ဘ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

(မ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။-

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ)တွင်ပါရှိသော "ကုမ္ပဏီနှင့်သမဝါယမအသင်းများ" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ) ၏အောက်တွင် ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန်။"

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာကို စီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရှိသည့်အခါ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်သည့် သက်ဆိုင်ရာ နယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ရတနာနယ်မြေအဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာ ဆုံးရှုံးနိုင်ဖွယ်ရာ ရှိမရှိနှင့် စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလ တန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ)တို့အရ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်သော ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုလျှင် အဆိုပါပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်းပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မည်သည့်နစ်နာဆုံးရှုံးမှု အတွက်ကိုမျှပေးလျော်ရန် တာဝန်မရှိစေရ။"

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄-က။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့် နယ်မြေတွင် မြို့ သို့မဟုတ် ကျေးရွာလူနေအိမ်များတိုးချဲ့ခြင်း၊ သာသနာ့နယ်မြေသတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်း တိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်း သို့မဟုတ် ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်း တည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။"

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင်ပါရှိသော "ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း "ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူ"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ"ဆိုသည့်စကားရပ်ကို "အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင် ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့် နေရာများကို အကြီးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။"

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) ကြမ်းခင်းဈေးနှုန်း သတ်မှတ်ပြီးသော အကြီးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များကို သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူရမည်။"

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သတ္တုတွင်းဝန်ကြီးဌာနက အကြီးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူသည့်အခါ အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။"

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ သတ္တုတွင်းဝန်ကြီးဌာနသည် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်ပြီး ဈေးအများဆုံးပေး၍ အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၂-က။ သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော် ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။"

၁၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာ လုပ်ကွက်များ၏ ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့် သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသော အကြီးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် ဈေးနှုန်းပြန်လည် သတ်မှတ်ပြီး ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် သက်တမ်းတိုးမြှင့်ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၃-က။ သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။"

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပ ဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့်နေရာဒေသများကို သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားရယူပြီး လုပ်ကွက်ချထားပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေရာ ဒေသအတွင်းရှိ မြေတွင်အသေးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။"

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်-

(က) အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့် သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။

(ဃ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည် သတ်မှတ်ထားသော ဈေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပါရှိသော "လုပ်ကိုင်ခွင့်သက်တမ်း" ဆိုသည့်စကားရပ်ကို "ခွင့်ပြုမိန့်သက်တမ်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-က တွင် ပါရှိသော "ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က" ဆိုသည့်စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-ခ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅-ခ။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်ပြုမိန့်ရရှိစေရန် လျှောက်ထားခွင့်ပြုနိုင်သည်။"

၂၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-ဂ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) ပါ "ပါမစ်" ဆိုသည့်စကားရပ်များကို "မြေအသုံးပြုခွင့်ပြုမိန့်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။"

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးဖြစ်လျှင်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထုင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်း ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထုင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများပြုလုပ်ခွင့်ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို လည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာ ပြပွဲများပြုလုပ်၍ ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့်အညီ တင်ပို့ရောင်းချခွင့် ရှိသည်။

(၅) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာ ပြပွဲများတွင် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ တည်ဆဲဥပဒေများနှင့်အညီ ရောင်းချခွင့်ရှိသည်။

(၇) ပြည်ပကျောက်မျက်ရတနာ ပြပွဲများတွင် တည်ဆဲဥပဒေနှင့်အညီ သွားရောက်ရောင်းချခွင့်ရှိသည်။"

*ဆက်လက်ဖော်ပြပါမည်*

## သတင်းတိုများ

### သုမဟာနိကာယ ဝိနည်းစာပြန်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အင်္ဂမအကြိမ်မြောက် ရှစ်မြို့နယ် သုမဟာနိကာယ ဝိနည်းစာပြန်ပွဲတော်ကြီးဖွင့်ပွဲကို တောင်ပိုင်းခရိုင် သုံးခွမြို့ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၀၂၈)**

### ရထားရဲတပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရထားရဲတပ်ဖွဲ့အမှတ်(၆) တပ်ခွဲ မြစ်ငယ်မွမ်းမံသင်တန်းကျောင်း၌ တိုက်ပွဲဝင်မွမ်းမံသင်တန်း အမှတ်(၂၆/၂၀၁၆) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ သင်တန်းကို ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### ကျေးရွာချင်းဆက်လမ်းနှင့် တံတားသစ်ဖွင့်

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့တွင် တီကျစ်-ပင်မှီကုန်းကျေးရွာချင်းဆက် လမ်းသစ်နှင့် အလျား ၁၂ ပေ၊ အနံရှစ်ပေရှိ တံတားသစ်တစ်စင်း ဖွင့်ပွဲအခမ်းအနားကို ပင်မှီကုန်းကျေးရွာ၌ ဖေဖော်ဝါရီလပထမပတ်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်အောင်နိုင်ဦးနှင့် တာဝန်ရှိသူတို့က အဆိုပါလမ်းသစ်နှင့် တံတားသစ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကရင်နှစ်သစ်မင်္ဂလာဆုတောင်းပွဲကျင်းပ

မော်လမြိုင်ကျွန်းမြို့နယ်၌ ကရင်တိုင်းရင်းသားများ၏ နှစ်သစ်မင်္ဂလာဆုတောင်းပွဲနှင့်အားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာအုပ်စု ငြိမ်းဦးကျေးရွာ ယာယီမဏ္ဍပ်၌ကျင်းပရာ အထူးဆုတောင်းခြင်း၊ မွေ့သံစုံသီချင်းသီဆိုခြင်းနှင့် တောင်းချီးမင်္ဂလာပေးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ဖေဖော်ဝါရီ ၇ ရက်တွင် ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**

### ခေတ်သစ်သတင်းစာပညာ သင်တန်းဆင်းပွဲကျင်းပ

မြန်မာသတင်းပညာသိပ္ပံ (MJI) က ကြီးမှူးဖွင့်လှစ်သည့် ပဋိပက္ခရှုမြင်သတင်းရေးသားနည်းပါဝင်သော ခေတ်သစ်သတင်းစာပညာ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၅ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ Jade Flower Guest House ခန်းမ၌ ကျင်းပခဲ့ပြီး သင်တန်းနည်းပြများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

### ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပေးပို့သော သဝဏ်လွှာတို့ကို တာဝန်ရှိသူက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### စာပေဟောပြောပွဲပြုလုပ်မည်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အကြိုနှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းစုံပြကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတွင် စာရေးဆရာ ဆရာဝန်ဒေါက်တာထွေး(ဆေး/မန်း)၊ ဆရာဇော်နိုင်ဦး၊ ရုပ်ရှင်အနုပညာရှင် ဗေလုဝတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူးနှင့် တပ်ဖွဲ့ဝင် ၁၅၀ တို့သည် ဖေဖော်ဝါရီ ၆ ရက်က မကွေးတိုင်းဒေသကြီး ကန်ပြားကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း/အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆွေးမြေ့နေသော သစ်ပင်အိုကြီးများအား ခုတ်ထွင်ဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**



# မြေပုံမြို့နယ်၌ အရှည် ပေ ၅၇၀ ရှိ မဟိုင်းချောင်းကူးတံတားသစ်ဖွင့်

**မြေပုံ ဖေဖော်ဝါရီ ၈**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မြောက်ဦးခရိုင်မြေပုံမြို့နယ်ရှိ အရှည်ပေ ၅၇၀၊ အကျယ် ၂၄ ပေရှိသော မဟိုင်းချောင်းတံတား **(အပေါ်ပုံ)**ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က အဆိုပါတံတားထိပ်အဝင် မုခ်ဦး၌ ကျင်းပခဲ့သည်။

အဆိုပါတံတားအား ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်ထောင်စုအစိုးရက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ်သန်း ၃၀၀ ဖြင့် တံတားကြီး၏ ပေ ၂၅၀ အား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒေသ၏အမှန်တကယ်လိုအပ်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရခွင့်ပြုငွေကျပ်သန်း ၁၅၀၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုငွေကျပ်သန်း ၁၈၈ သန်း စုစုပေါင်းငွေကျပ် ၆၃၈ သန်းဖြင့် ပေ ၅၇၀ ထိ တပ်မံ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝေထံမှ သိရသည်။

ယခုကဲ့သို့ မဟိုင်းချောင်းပေါ်တွင် တံတားရှည်တစ်ခုဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သဘာဝဘေးဒဏ်များဖြစ်ပေါ်လာပါက အဆိုပါတံတားမှတစ်ဆင့်ဘေးလွတ်ရာ ကုန်းတွင်းပိုင်းသို့ အချိန်တိုအတွင်း ရှောင်ကွင်းနိုင်မည်ဖြစ်ပြီး ဆက်သွယ်မှုခက်ခဲသော ကျေးရွာများသို့လည်း အလွယ်တကူသွားလာနိုင်ကာ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးတို့အတွက် များစွာအထောက်အကူဖြစ်လာမည်ဖြစ်သည်။

**မြတ်ဝေ**

# ကားဖြတ်သန်းခကို ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် ကျင့်သုံးမည်

**မူဆယ် ဖေဖော်ဝါရီ ၈**

မန္တလေး- လားရှိုး - မူဆယ် ကားလမ်းမကြီးတစ်လျှောက် ကားဖြတ်သန်းခအား ကြိုတင်ငွေဖြည့်ကတ်ဖြင့်ပေးချေသည့်စနစ်ကို ယခုနှစ်ဇန်နဝါရီ ၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ကားကြီးအစီးရေ ၂၀၀ ကျော် အသုံးပြုသွားလာမောင်းနှင်နေကြပြီဖြစ်ကြောင်း အဆိုပါကားလမ်းမကြီးကို B.O.T စနစ်ဖြင့်ဆောင်ရွက်နေသည့် Oriental Highway ကုမ္ပဏီမှ သိရသည်။

ယခုလက်ရှိအချိန်အထိ ကားကြီးအစီး ၂၀၀ ကျော် အသုံးပြုနေကြပြီဖြစ်ကြောင်း၊ ကားသေးများအတွက် ဖွန်လကုန်လောက်တွင် စတင်ဆောင်ရွက်ပေးရန် မှန်းထားကြောင်း၊ ကြိုတင်ငွေဖြည့်ကတ်စနစ်ဆောင်ရွက်ခြင်းကို လမ်းဖြတ်သန်းခပေးချေရာတွင် မြန်ဆန်လွယ်ကူစေရန်နှင့် လမ်းဖြတ်သန်းခနှုန်းထားများ အတိအကျ ပေးဆောင်နိုင်ကြရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လမ်းစီမံကိန်းမန်နေဂျာ ဦးတင်ကိုကိုက ပြောသည်။



ကျောက်မဲတိုးဂိတ်တွင် ကြိုတင်ငွေဖြည့်ကတ်အသုံးပြုသွားလာမောင်းနှင်နေကြပြီဖြစ်သော ကားကြီးအချို့ကို တွေ့ရစဉ်။

ကြိုတင်ငွေဖြည့်ကတ်ပြုလုပ်ရန် ယာဉ်မောင်းနာမည်၊ ယာဉ်နံပါတ်တို့ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အနည်းဆုံး ငွေကျပ်ငါးသောင်း သွင်းရန် လိုအပ်ကြောင်းသိရသည်။

မန္တလေး- လားရှိုး- မူဆယ်လမ်းပိုင်းတွင် မန္တလေးမြို့ ထုံးဘိုမှမူဆယ်အထိ တိုးဂိတ် ၁၄ ခုရှိပြီး မန္တလေး ကျောက်ချောတိုးဂိတ်၊ ကျောက်မဲမြို့ ကျောက်မဲတိုးဂိတ်၊ လားရှိုးမြို့ လားရှိုးမြို့ရှောင်လမ်းတိုးဂိတ်နှင့် မူဆယ်မြို့ မူဆယ် (၁၀၅)မိုင် တိုးဂိတ်တို့တွင် ကတ်အတွင်း ငွေထပ်မံဖြည့်တင်းခြင်းအား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**

# Miss Northern Shan State ပြိုင်ပွဲကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်ညက Miss Northern Shan State ပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် မူဆယ်နှင့်နမ့်ခမ်း၊ ကြူကုတ်(ပန်ဆိုင်း)၊ ကွတ်ခိုင်၊ သိန်းနီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ တန့်ယန်း၊ နမ့်ဆန်၊ မန်တုံမြို့နယ်များမှ ကိုယ်စားပြုအလှမယ်တစ်ဦးစီပါဝင်လျက် ပြိုင်ပွဲဝင် ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အကဲဖြတ်ဒိုင်များအဖြစ် Pageant Trainer ဆရာဖြိုးမင်းသုတ၊ အကယ်ဒမီဆွေဇင်ထိုက်၊ အကယ်ဒမီများရှင် ထက်ထက်မိုးဦးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။

ပြိုင်ပွဲတွင် Winner ဆုကို လားရှိုးမြို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် နန်းမေရှင်းသန့်ကရရှိပြီး Miss Northern Shan State အဖြစ် ရွေးချယ်ခံရကာ 2016 Miss Golden Land Myanmar ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်းကိုယ်စားပြု Land ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

First Runner Up ဆုကို မန်တုံမြို့နယ်ကိုယ်စားပြု မစီဝမ်းနားနှင့် Second Runner Up ဆုကို ကြူကုတ်(ပန်ဆိုင်း)ကိုယ်စားပြု မစုလှိုင်နှင်းတို့က ရရှိသွားကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မင်းကွန်း ကြီးလေးကြီးသို့

မောင်သာ
(ရှေးဟောင်းသုတေသန)


မြသိန်းတန်စေတီတော်

မြို့တည်သက်တမ်း နှစ် (၇၀၀) ပြည့်ခဲ့ပြီဖြစ်သည့် ဇေယျပူရ စစ်ကိုင်းမြို့သို့ ခေတ္တရောက်ရှိနေခိုက် ကျွန်တော်တို့သည် ဧရာဝတီမြစ်ကမ်းဘေးရှိ လေးကျွန်းမာန်အောင်ဘုရားဝင်းသို့ သွားကာ ဧရာဝတီမြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသည့် တလော ပန်းတောမြစ်ကြောင်းသွား သင်္ဘောကို ကြည့်ရှုခဲ့ကြသည်။ ယင်းသင်္ဘော၏ ရှည်လျားသော ကိုယ်ထည်ပေါ်တွင် အိပ်ခန်းများ၊ စားသောက်ခန်းများဖွဲ့စည်းကာ ဧရာဝတီမြစ်ရိုးတစ်လျှောက် ရှုခင်းများကြည့်ရှုရန် ပြေးဆွဲသော အပျော်စီးသင်္ဘောတစ်စီးဖြစ်ကြောင်း သိရှိရသည်။

တလောပန်းတောကို ကြည့်ရှုပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး၏ ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည့် မင်းကွန်းသို့ ထွက်လာခဲ့ကြသည်။ မင်းကွန်းသည် စစ်ကိုင်းမြို့မှ မြောက်ဘက်သို့ ၁၂ မိုင်ကွာဝေးကာ စစ်ကိုင်း မင်းကွန်းကားလမ်းကို ဧရာဝတီမြစ်နှင့်ယှဉ်၍ ဖောက်လုပ်ထားသည်။ ကျွန်တော်တို့သည် စစ်ကိုင်းမှ မင်းကွန်းသို့ ဧရာဝတီမြစ်ကမ်းဘေးရှိ ယင်းကားလမ်းအတိုင်းလာခဲ့ကြရာ ကားပေါ်မှ မြင်ရသည့်ကျယ်ပြန့်သော ဧရာဝတီမြစ်ပြင်ကျယ်ကြီး၏ ညနေရှုခင်းကို ကြည့်၍မဝနိုင်ခဲ့ပါချေ။

လမ်းတစ်လျှောက် မင်းကွန်းမှ ပြန်လာကြသည့်ကားများကို တွေ့မြင်ခဲ့ကြရာ ပြည်ပနိုင်ငံသား ခရီးသည်များ လိုက်ပါလာသည့်ကားများကို မကြာခဏ မြင်ကြရသည်။ မင်းကွန်းသည် ပြည်တွင်းပြည်ပခရီးသည်များ နေ့စဉ်လာရောက် လည်ပတ်လေ့ရှိသည့် နယ်မြေတစ်ခုဖြစ်ရာ ကားလမ်းကို အထူးကောင်းမွန်အောင် ဖောက်လုပ်ထားသည်။ မင်းကွန်းသို့ ကားဖြင့်မလာလိုပါက မန္တလေးဘက်ကမ်းမှ ဧရာဝတီမြစ်ကို လှေ၊ သင်္ဘောများဖြင့်ဖြတ်ကူး၍ လာရောက်နိုင်ကြသည်။

မင်းကွန်းသို့ ရောက်သည်နှင့် ကျွန်တော်တို့သည် မင်းကွန်းရွာထိပ်တွင်ရှိသည့် မြသိန်းတန်စေတီတော်သို့ ဦးစွာသွားရောက် ဖူးမြော်ခဲ့သည်။ မြသိန်းတန်စေတီတည်ထားသည့် ဆင်ဖြူတောင်ကုန်းပေါ်သို့ တက်ရောက်ခဲ့ကြပြီး စေတီတော်၏ အနုလက်ရာများကို လိုက်လံကြည့်ရှုနေစဉ် ပြည်ပနိုင်ငံသား ခရီးသွားများသည် ဧည့်လမ်းညွှန်များနှင့်အတူ ဓာတ်ပုံများရိုက်ကူးနေသည်ကို တွေ့ရှိရပေသည်။

မြသိန်းတန်စေတီကို စစ်ကိုင်းမင်းသားက ၁၁၆၃ ခုနှစ် တန်ခူးလပြည့်နေ့တွင် စတင်တည်ထားခဲ့ရာ ခြောက်နှစ်ခန့် ကြာမြင့်ခဲ့ပြီး ၁၁၆၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မြသိန်းတန် စေတီတော်အား မြင်းမိုရ်တောင်ကို အာလိန်ငါးဆင့်၊ တောင်ရံခုနစ်ထပ်နှင့် နတ်စောင်းတန်းများ သွယ်တန်းနေသည့် ပုံသဏ္ဍာန် တည်ဆောက်ထားသည်။ စေတီတော်အလှူရှင် စစ်ကိုင်းမင်းသားသည် စေတီတော်တည်ထားရန် ငွေကျပ်တစ်သိန်းတန် ရတနာမြကျောက်ကို မတည်လှူဒါန်းခဲ့ခြင်းကြောင့် မြသိန်းတန်စေတီဟု အမည်တွင်ခဲ့သည်။ အချို့က ဆင်ဖြူတောင်ပေါ်တွင် တည်ထားသဖြင့် ဆင်ဖြူဘုရားဟုလည်း ခေါ်ကြသည်။ စစ်ကိုင်းမင်း၏ မိဖုရားကြီးသည် ဆင်ဖြူမယ်ဖြစ်သောကြောင့် ဆင်ဖြူမယ်ဘုရားဟုလည်း ခေါ်ကြသေးသည်။ မြသိန်းတန်စေတီတော်၏ ဖိနပ်တော်အချင်းသည် ၃၂၀ ပေခန့် ရှိသည်။

ကျွန်တော်တို့သည် မြသိန်းတန်စေတီတော်မှ ဆင်းလာကြပြီးနောက် မင်းကွန်း၏ အမှတ်သင်္ကေတတစ်ခုဖြစ်သည့် ခြင်္သေ့ကြီးရှိရာသို့ လမ်းလျှောက်သွားခဲ့ကြသည်။ ဧရာဝတီမြစ်ဘက်သို့ မျက်နှာမူထားသည့် ခြင်္သေ့ကြီး၏ နောက်ပိုင်းကိုတော်ကြီး၊ ခြင်္သေ့ကြီးနှင့် ကန်တော်ကြီးတို့ ဖြစ်ကြသည်။

နှစ်သိန်းခန့် အသုံးပြုခဲ့ရပြီး သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မြောက်ဘက်ရှိခြင်္သေ့ရုပ်ကြီး ပြိုကျခဲ့ကာ ၁၃၁၈ ခုနှစ်တွင်လှုပ်ခတ်ခဲ့သော စစ်ကိုင်းငလျင်ဒဏ်ကြောင့် တောင်ဘက်ခြင်္သေ့ရုပ်ကြီးလည်း ပြိုလဲကျခဲ့သည်။

ကျွန်တော်တို့သည် ခြင်္သေ့ကြီးနှင့် လမ်းတစ်ဖက်ခြား တည်ရှိနေသည့် ကမ္ဘာကျော် ပုထိုးတော်ကြီးဆီသို့ လျှောက်ခဲ့ကြသည်။ မင်းကွန်းပုထိုးတော်ကြီးအား အမရပူရကိုတည်တောင်ခဲ့သူ ဘိုးတော်ဘုရားဟု ထင်ရှားသည့် ဗဒုံမင်းက ၁၁၅၂ ခုနှစ်(ခရစ်နှစ် ၁၇၉၀ ပြည့်နှစ်)တွင် စတင်တည်ဆောက်ခဲ့ပြီး သက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ "ကြီးလေးကြီး၊ အပြီးမသတ်၊ မုဆိုးသုညအပ်"ဟူသော တဘောင်ပေါ်ခဲ့သဖြင့် ရပ်ခဲ့ခြင်းဖြစ်ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ထိုတဘောင်ကို ဘိုးတော်ဘုရား၏ ပညာရှိများက ပုထိုးတော်ကြီးကိုပြီးစီးအောင်တည်ပါက ဘုရင်မင်းမြတ် ကွယ်လွန်လိမ့်မည် ဖြစ်ကြောင်း အဓိပ္ပာယ်ကောက်ယူ လျှောက်ထားခဲ့ကြသဖြင့် ဘိုးတော်ဘုရားက ပြီးစီးအောင် မတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ယူဆကြသည်။ ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး ပြီးစီးသည်အထိ မတည်ဆောက်ခဲ့ရဘဲ ခရစ်နှစ် ၁၈၁၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများက ရေးသားခဲ့ကြသည်။

ဘိုးတော်ဘုရားသည် မိမိအုပ်စိုးခဲ့ချိန်ကာလအတွင်း မိမိပိုင်နက်တွင် အကြီးမားဆုံးသော သာသနိကအဆောက်အအုံကြီးတစ်ခု တည်ထားကိုးကွယ်ရန် ရည်ရွယ်ခဲ့သည်။ မိမိ ရည်ရွယ်ခဲ့သည့်အတိုင်း ဘိုးတော်ဘုရားသည် နန်းတက်ပြီး ကိုးနှစ်အကြာတွင် ကြီးမားသောပုထိုးတော်ကြီးတစ်ဆူကို မင်းကွန်းအရပ်၌ တည်ဆောက်ခဲ့သည်။ ပုထိုးတော်ကြီးကို ပေ ၅၀၀ အမြင့်


မင်းကွန်းပုထိုးတော်ကြီး

မင်းကွန်းသည် ဧရာဝတီမြစ်နှင့် မင်းဝံတောင်တန်းအကြားတွင်ရှိပြီး ရှေးယခင်က မင်းရွာဟု ခေါ်တွင်ခဲ့သော်လည်း ဗဒုံမင်း (ဘိုးတော်ဘုရားမောင်ဝိုင်း)(ခရစ်နှစ် ၁၇၈၂-၁၈၁၉) လက်ထက်တွင် အမိန့်ပြန်တမ်းထုတ်၍ မင်းကွန်းဟု အမည်ပြောင်းလဲခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ယဉ်ကျေးမှုအမွေအနှစ်များစွာ ရှိသည့်အနက် မင်းကွန်းရှိ ကြီးလေးကြီးသည် ခရီးသွားများအကြား အထူးထင်ရှားလှသည်။ မင်းကွန်း ကြီးလေးကြီးသည် ပုထိုးတော်ကြီး၊ ခေါင်းလောင်းမြင်ကြရာ မော့ကြည့်ရသည်အထိ ကြီးမားမြင့်မားကြောင်း တွေ့ရပေသည်။ မင်းကွန်းခြင်္သေ့ကြီးနှစ်ကောင်ကို ဘိုးတော်ဘုရားက မြန်မာသက္ကရာဇ် ၁၁၅၅ ခုနှစ် (ခရစ်နှစ် ၁၇၉၃ ခုနှစ်)တွင် တည်ထားခဲ့သည်။ ခြင်္သေ့ကြီးများ၏ အရပ်သည် တစ်ကောင်လျှင် ၉၅ ပေစီမြင့်ကာ ခြေသည်းလက်သည်း တစ်ခုစီသည် အလျားငါးပေခွဲနှင့် လုံးပတ်လေးပေခွဲခန့် ရှိသည်။ မျက်လုံးတစ်လုံးစီ၏ ပတ်လည်သည် ၁၃ ပေစီ ရှိသည်။ ထိုကြီးမားလှသည့် ခြင်္သေ့ကြီးနှစ်ကောင်ထုလုပ်ရန် အုပ်ချပ်ရေအထိ တည်ထားရန် ရည်ရွယ်ခဲ့သော်လည်း ပေ ၁၆၀ အမြင့်အရောက်တွင် ပြိုကျခဲ့သည်ဟု သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီးကို တည်ထားခဲ့ရာတွင် ရွှေတိုက်စာရင်းမှ ပုရပိုက်အရ ပုထိုးတော်ကြီးသည် အချင်း ၂၉၃ တောင်နှင့် အမြင့် ၃၅၂ တောင် ရှိကြောင်း သိရှိရသည်။ မင်းကွန်းပုထိုးတော်ကြီးကျောက်စာ (မင်းကွန်းပုထိုးတော်ကြီး ဒုတိယကျောက်စာ၊ အမှတ် ၂၂၁၊ မဟာမုနိဘုရားကျောက်စာရုံ၊ မန္တလေးမြို့)တွင် ပုထိုးတော်ကြီး၏ အတိုင်းအတာကို "စတုရန်း လေးထောင့်စပ်စပ် တည်ခင်းအပ်သော ဘိနပ်အစ ပထမအာလိန်အချင်း သံထောင် ၃၀၀ နှင့် ၂ မိုက်"ဟု ဖော်ပြထားသည်။

ပုထိုးတော်ကြီးပေါ်သို့ တက်ရောက်နိုင်ရန် လှေကားများပြုလုပ်ပေးထားသော်လည်း ကျွန်တော်တို့ မတက်တော့ဘဲ ခရီးဆက်ခဲ့ကြရာ မင်းကွန်းခေါင်းလောင်းတော်ကြီးရှိရာသို့ ရောက်ရှိခဲ့သည်။ ရှေးယခင်က မင်းကွန်းခေါင်းလောင်းကြီးကို အမိုးအကာမရှိဘဲ မြေပြင်တွင်ထားရှိခဲ့သော်လည်း ယခုအခါတွင် ခန့်ညားသော အဆောက်အအုံတစ်ခုအတွင်း သပ်ရပ်စွာထိန်းသိမ်းထားသည်ကို မြင်ကြရသည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး၏ပုံစံငယ် စေတီတစ်ဆူကို ပုံတော်စေတီအဖြစ် သက္ကရာဇ် ၁၁၅၂ ခုနှစ်တွင် တည်ထားခဲ့သည်။ ယင်းစေတီငယ်သည် ဉာဏ်တော် ၁၅ ပေ မြင့်ကာ နောင်တော်ကြီးစေတီဟု ဘွဲ့အမည်တွင်ပြီး ပုထိုးတော်ကြီးမပြီးစီးမီ ပုံတော်စေတီကို အနေကဇာတင်ခဲ့သည်။ ပုံတော်စေတီကို ဖူးရခြင်းဖြင့် ပုထိုးတော်ကြီး မပြိုမပျက် ပြီးဆုံးအောင် တည်ခဲ့လျှင် ဖူးတွေ့ရမည့်ပုံသွင်ကို မှန်းဆဖူးမြော်ကြရပေသည်။

မင်းကွန်းခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်တွင် အသံထွက်နိုင်သော ခေါင်းလောင်းများအနက် အကြီးဆုံးဖြစ်သည်။ ခေါင်းလောင်းသက်သက်အနေဖြင့် ကမ္ဘာ့ဒုတိယအကြီးဆုံး ခေါင်းလောင်းလည်း ဖြစ်သည်။ မင်းကွန်းခေါင်းလောင်းတော်ကြီးအား နန်းတော်ကျွန်းတွင် သွန်းလုပ်ခဲ့ပြီး အလေးချိန် ကြေးပိဿာချိန် ၅၅၅၅၅ ခန့် ရှိသည်။ ခေါင်းလောင်းပေါ်တွင် ခေါင်းလောင်းအလေးချိန်ကို "မင်းဖြူမှန်မှန်ပြော"ဟု ရေးသားထားသည်ကို မြင်ကြရသည်။

မြန်မာတို့ အယူအဆအရ (၅) ဂဏန်းကို ကိုယ်စားပြုသော ကြာသပတေးနံ အက္ခရာငါးလုံး ရေးသားကာ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အင်္ဂလိပ်တို့က မင်းကွန်းခေါင်းလောင်းကြီးအား တန် ၈၀ ရှိသည်ဟု ခန့်မှန်းခဲ့သည်။ ခေါင်းလောင်းကြီး၏ အလေးချိန်သည် ကြေးပိဿာ ၅၅၅၅၅ ရှိသဖြင့် ၉၀ ဒသမ ၅၂ တန် ရှိသည်။ ခေါင်းလောင်းကြီးကိုတီးခတ်လျှင် သာယာသောအသံ ထွက်ရှိသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မင်းကွန်းခေါင်းလောင်းကြီးကို သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် သွန်းလုပ်ခဲ့သည်ဟု ရေးသားထားသည်။ ခေါင်းလောင်းကြီး၏ အတိုင်းအတာကို အဝအချင်း ၁၁ တောင် ၄ သစ်၊ လုံးပတ် ၃၃ တောင် ၁ မိုက် ၄ သစ်၊ စောက် ၁၃ တောင် ၁ မိုက် ၄ သစ်ဟု ဖော်ပြထားသည်။ ခေတ်အတိုင်းအတာအရ အဝ ၁၆ ပေ ၁ ဒသမ ၄ လက်မ၊ လုံးပတ် ၅၀ ပေ ၁ ဒသမ ၄ လက်မနှင့် ခေါင်းလောင်းအတွင်းပိုင်းအမြင့် ၂၀ ပေ ၃ လက်မ ရှိသည်။

မင်းကွန်းခေါင်းလောင်းကြီးကို ကြည့်ရှုပြီးနောက်မှ စစ်ကိုင်းသို့အပြန်တွင် မိုးမိတ်ကုန်းမြေသို့ ဝင်ခဲ့ကြသည်။ မိုးမိတ်ကုန်းသည် မင်းကွန်းဆရာတော်ဟု ထင်ရှားသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂါယနာတင် ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသနှင့် မယ်တော်ကြီးဒေါ်မွေစာရီတို့၏ သာသနာ့ဝန်ကို ထူးထူးချွန်ချွန်ထမ်းဆောင်ခဲ့မှုများကြောင့် ထင်ရှားကျော်ကြားသည့် ပရိယတ္တိနယ်မြေတစ်ခု ဖြစ်သည်။ မိုးမိတ်ကုန်းတော်ပေါ်တွင် စေတီပုထိုး၊ ကျောင်းဇရပ်စသည့် သာသနိကအဆောက်အအုံပေါင်း ၉၅ ခုရှိသည်။ ယင်းတို့အနက် တိပိဋကနိကာယ ကျောင်းတော်သည် မြန်မာနိုင်ငံ ပရိယတ္တိနယ်ပယ်တွင် အထူးထင်ရှားလှသကဲ့သို့ မိုးမိတ်စေတီကိုလည်း လူသိများသည်။ မိုးမိတ်စေတီတော်သည် ဉာဏ်တော် ၁၀၉ ပေ ၆ လက်မခန့်မြင့်ပြီး ဘိုးတော်ဘုရား၏သားတော် မဟာဓမ္မရာဇာဘွဲ့ခံ မိုးမိတ်မြို့စားက တည်ထားခဲ့သည်။

တိပိဋကနိကာယ ကျောင်းတော်သည် ထေရဝါဒ ဗုဒ္ဓသာသနာတော်တွင် ပိဋကတ်သုံးပုံအာဂုံဆောင် အရှင်သူမြတ်များအပါအဝင် ထင်ရှားသည့် ပရိယတ္တိပုဂ္ဂိုလ် အကျော်အမော်များစွာကို မွေးထုတ်ပေးခဲ့သည့် ဘုမိနက်သန်နေရာတစ်ခု ဖြစ်ပေသည်။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသသည် မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့သည့် ပထမဆုံးသော ဆရာတော်အရှင်သူမြတ်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ မဒမ်တူးဆော့ ဖယောင်းရုပ်တု ပြတိုက်တွင် ကမ္ဘာ့ မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် ဆရာတော်ကြီး၏ ပုံတော်ကို ထုလုပ်ပြသထားသည်။

မင်းကွန်း၏ ကြီးတစ်ခုဖြစ်သည့် ကန်တော်ကြီးသည် ကြက်ထောင့်ကန်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၁၇၉ ခုနှစ်တွင် ဘိုးတော်ဗဒုံမင်းက မင်းကွန်းပုထိုးတော်ကြီး၏တောင်ဘက် ငါးမိုင်အကွာတွင် တူးဖော်ခဲ့သည်။ ကြက်ထောင့်ရွာ အနောက်ဘက်တွင်ရှိသဖြင့် ကြက်ထောင့်ကန်ဟု အမည်တွင်ခဲ့သည်။ ယခုအခါတွင် ရေများခန်းနေပြီဟု သိရှိရပြီး မင်းကွန်းသို့ လာရောက်ကြသူများအနက် အချို့သာ သွားရောက်ကြည့်ရှုလေ့ရှိပြီး ကျွန်တော်တို့လည်း မရောက်ရှိခဲ့ပါချေ။

ဧရာဝတီမြစ်နှင့် မင်းဝံတောင်တန်းကြီးအကြား၊ မြသိန်းတန်စေတီနှင့် ပုထိုးတော်ကြီးအစပ်ရှိ ၃ ဒသမ ၇၅ ဧက ကျယ်ဝန်းသောမြေနေရာတွင် မင်းကွန်းဘိုးဘွားရိပ်သာ ရှိသည်။ ထိုရိပ်သာတွင် အသက် ၇၀ ကျော် အထောက်အပံ့မဲ့ ဘိုးဘွားများကို စောင့်ရှောက်ထားသည်။ မင်းကွန်းဘိုးဘွားရိပ်သာကို ၁၂၇၆ ခုနှစ်တွင် အလှူရှင် ဒေါ်ဦးဖွန်းက စတင်တည်ထောင်ကာ သက္ကရာဇ် ၁၂၇၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက်နေ့တွင် ကမ္မဋ္ဌာန်းကျောင်းသုံးကျောင်း ဆောက်လုပ်၍ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို စတင် စောင့်ရှောက်မှုပြုခဲ့ရာမှ မင်းကွန်းလူအိုရုံအဖြစ် ထစ်စ ထစ်စ ထင်ရှားလာခဲ့သည်။

မြန်မာသက္ကရာဇ် ၆၇၇ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်)တွင် ပင်းယမြို့တည် တစ်စီးရှင်သီဟသူ၏ သားဖြစ်သူ အသင်္ခယာစောယွမ်း တည်ထောင်ခဲ့သော စစ်ကိုင်းမြို့၏ သက်တမ်းသည် ယခုအခါတွင် နှစ်ပေါင်းခုနစ်ရာ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ စစ်ကိုင်းမြို့သည် မြို့တည်သက်တမ်း ရာစုနှစ် ခုနစ်ခုအတွင်း ဘုရင်အဆက်ဆက်တို့၏ အုပ်ချုပ်မှုခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ပြီးနောက် ယဉ်ကျေးမှုအမွေအနှစ်များစွာ ကျန်ရှိခဲ့သည့် ရှေးဟောင်းမြို့တော်တစ်ခုအဖြစ် ထင်ရှားစွာ ရပ်တည်လျက်ရှိနေပေသည်။ ယင်းတို့အနက် မင်းကွန်းဒေသတွင် ချောင်ပေါင်း ၂၈ ခုနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများကို ဖူးတွေ့နိုင်ကြသည်။

ပြည်တွင်းပြည်ပခရီးသွားများဖြင့် စည်ကားနေလေ့ရှိသည့် မင်းကွန်းဒေသတွင် မင်းကွန်းပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီးနှင့် ခြင်္သေ့ကြီးတို့သည် မင်းကွန်းသို့ လာရောက်လည်ပတ်ကြသူများ အများဆုံးစိတ်ဝင်စားကြသည့် သမိုင်းဝင်အမွေအနှစ်များ ဖြစ်ကြပေသည်။ ယင်းအမွေအနှစ်များကို နှစ်ပေါင်းရှည်ကြာစွာ တည်တံ့နေစေရန် ထိန်းသိမ်းနိုင်သည်နှင့်အမျှ မင်းကွန်း၏ ဂုဏ်သတင်းသည် ပြည်တွင်းပြည်ပ ကျော်ကြားနေဦး မည်သာဖြစ်ပါပေသည်။ ။

# ဂျာမန်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေ လာပြီ

မိုးမြင့်လင်းလက်

ဂျာမန်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ ယှဉ်ပြိုင်ကစားတော့မှာဖြစ်ပါတယ်။ အကြိတ်အနယ်ရှိလာပြီဖြစ်တဲ့အတွက် ကွာတားဖိုင်နယ်အဆင့် ရောက်လာတဲ့အသင်းတွေဟာ အများအယွင်းအတိမ်းအစောင်း မခံတော့ပါဘူး။ ဒါ့အပြင် ခြေစွမ်းတူညီနေတဲ့အသင်းတွေဖြစ်တာမို့ ဘယ်အသင်းတွေ အကြိုဗိုလ်လုပွဲ တက်ရောက်သွားမလဲဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေတာအမှန်ပါပဲ။



**လေဗာကူဆင်နှင့် ဝါဒါဘရီမင်**

လေဗာကူဆင်တို့က အိမ်ကွင်းမှာဆိုရင် ဘိုင်ယန်မြူးနစ်လို အသင်းကိုတောင် ဂိုးပြတ်သွင်းပြီး အနိုင်ရအောင် ခြေစွမ်းပြနိုင်တဲ့ စွမ်းဆောင်ရည်ရှိပါတယ်။ လေဗာကူဆင်ဟာ အခုတလော ကစားခဲ့တဲ့ပွဲတွေကို ကြည့်ရင် မိုချန်ဂလာဘတ်၊ အင်ဂိုးလ်စတတ်၊ ဟော်ဖန်ဟိမ်းနဲ့ ဟန်နိုဗာအသင်းတွေကို ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တာမို့ ခြေစွမ်းကောင်းမွန်ပါတယ်။ လေဗာကူဆင်ဟာ အိမ်ကွင်းမှာဆိုရင် ခြေစွမ်းပြနိုင်တဲ့အပြင် ရလဒ်ကောင်းကိုလည်း ဆောင်ကြဉ်းနိုင်ပါတယ်။ ဝါဒါဘရီမင်တို့က ခြေစွမ်းပိုင်း အားရစရာမရှိတဲ့အပြင် ခံစစ်ပိုင်း အမှားအယွင်းများတာမို့ အခုပွဲမှာတော့ လေဗာကူဆင်တို့ ရလဒ်မပြတ်သားပေမယ့် နိုင်ပွဲရဖို့များနေပါတယ်။ နှစ်သင်းစလုံး ဂျာမန်ဖလားသမိုင်းမှာ မှတ်တမ်းကောင်းရရှိမှုနည်းပါးပေမယ့် အမြင့်ဆုံးရောက်ရှိနိုင်ရေး အပြိုင်အဆိုင် အားထုတ်ကြမှာဖြစ်တာကြောင့် ပွဲကောင်းအဖြစ်မြင်တွေ့ရမှာဖြစ်ပြီး လေဗာကူဆင်တို့ပဲ အောင်ပွဲခံသွားမယ်လို့ ယုံကြည်နေပါတယ်။

**စတုဂတ်နှင့် ဒေါ့မွန်**

အခုတလော ခြေစွမ်းကောင်း ပြန်ရရှိနေတဲ့ စတုဂတ်တို့ဟာ နိုင်ပွဲတွေဆက်နေပါတယ်။ စတုဂတ်ရဲ့ အားနည်းချက်က ခံစစ်ပိုင်း ယိုယွင်းနေတာဖြစ်ပြီး အမှားအယွင်းလည်း များနေတတ်ပါတယ်။ စတုဂတ်ကွင်းလယ်ကစားသမားတွေက တိုက်စစ်ကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မှု အားနည်းနေတာက ရလဒ်ကောင်းကို အလှမ်းဝေးနေတာပဲဖြစ်ပါတယ်။ ဒါပေမယ့် အခုတလော ပွဲစဉ်တွေမှာ အိမ်ကွင်းရော အဝေးကွင်းမှာပါ တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည် ပြန်လည်မြင့်တက်နေတာမို့ စတုဂတ်ဟာ ပြိုင်ဘက်ကို ရင်ဆိုင်နိုင်တဲ့ စွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒေါ့မွန်တို့အတွက် ခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။ ဒါပေမယ့် ဒေါ့မွန်ဟာ တိုက်စစ်စွမ်းရည်မြင့်မားပြီး ပြိုင်ဘက်တွေကို ပွဲတိုင်းဂိုးရအောင် သွင်းယူနိုင်နေပါတယ်။ ဒေါ့မွန်ခံစစ်မှူးတွေက တစ်ဖက်အသင်း တိုက်စစ်မှူးတွေ အရှိန်အဟုန်နဲ့ တိုက်စစ်ဆင်ကစားရင်တော့ ပျာယာခတ်ပြီး အမှားအယွင်းလုပ်တတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကွာတားဖိုင်နယ်ရောက်ရှိနေပြီဖြစ်တဲ့ ဒေါ့မွန်ဟာ ဂျာမန်ဖလားကို ရယူရေးမျှော်မှန်းနေပြီဖြစ်တာမို့ ဒီပွဲမှာ အနိုင်ရအောင် အားထုတ်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ရေး သေချာတဲ့ ခြေလှမ်းတစ်လှမ်းကို တက်လှမ်းပါလိမ့်မယ်။

**ဘိုချန်နှင့် ဘိုင်ယန်မြူးနစ်**

ဂျာမန်ဖလားကို ရယူဖို့ကြိုးစားနေတဲ့ ဘိုင်ယန်မြူးနစ်ဟာ အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင် ကစားပါလိမ့်မယ်။ နည်းပြ ဂွာဒီယိုလာဟာ ဒီနှစ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို ဖလားများများဆွတ်ခူးပေးပြီး ထွက်ခွာမှာမို့ ပွဲစဉ်တိုင်း နိုင်ပွဲရရေး အားထုတ်နေပြီဖြစ်ပါတယ်။ ဘိုချန်ရဲ့ ခြေစွမ်းကအတက်အကျရှိနေတဲ့အပြင် တစ်ဦးချင်းရော အသင်းလိုက်ပါ ဘိုင်ယန်မြူးနစ်ကို မယှဉ်နိုင်ပါဘူး။ ဒီပွဲဟာ အရေးကြီးတဲ့ ပွဲစဉ်ဖြစ်တာမို့ ဘိုင်ယန်မြူးနစ်ဟာ ထိပ်တန်းကစားသမားတွေနဲ့အတူ ပွဲထွက်ပြီး အနိုင်ရလဒ်ကို ပီပီပြင်ပြင်ဖော်ထုတ်ပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့အဖို့ အနိုင်သေချာမယ့် ပွဲစဉ်ဖြစ်ပါလိမ့်မယ်။

**ဟိုင်ဒန်ဟင်မ်နှင့် ဟာသာဘာလင်**

ခြေစွမ်းမာကျောတဲ့ ဟိုင်ဒန်ဟင်မ်အသင်းဟာ အိမ်ကွင်းမှာ တစ်သင်းလုံး မာမာတင်းတင်းကစားတတ်တာမို့ ဟာသာဘာလင်တို့ ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ ဟာသာဘာလင်တို့က တိုက်စစ်ရော ခံစစ်ပါ ပုံမှန်ခြေစွမ်းပြနေပေမယ့် အိမ်ရှင်ကို ဖြတ်ကျော်ဖို့ ခက်ခဲပါလိမ့်မယ်။ လက်ရှိခြေစွမ်းအရ ဒီပွဲရလဒ်ဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

# မန်ယူနည်းပြဖြစ်လာနိုင်တဲ့ မော်ရင်ဟို

ဘောလုံးမရှိရင် ဘဝဟာ ပြည့်စုံတယ်လို့မရှိဘူးလို့ ချယ်လ်ဆီးက အလုပ်ဖြုတ်လိုက်တဲ့ မော်ရင်ဟိုက ပြောဆိုလိုက်ပြီး သူ့အနေနဲ့ မကြာမီ ပရီမီယာလိဂ်သို့ ပြန်လာဖို့ သန္နိဋ္ဌာန်ချထားပြီလို့ ဆိုပါတယ်။ ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုက မကြာမီ ဘောလုံးလောကသို့ ပြန်လာမယ်လို့ ကတိပြုပြောဆိုနေသလို ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုကို မန်ယူက အဆက်အသွယ်ပြုလုပ်ထားပြီဖြစ်ပါတယ်။ သို့သော်လည်း လန်ဒန်ရှိ ၄င်းရဲ့ မိသားစုကို ဆက်လက်ထားရှိဖို့ ဆန္ဒရှိကြောင်းလည်း ပြောဆိုလိုက်ပါတယ်။ မော်ရင်ဟိုဟာ ချယ်လ်ဆီးက အလုပ်ဖြုတ်လိုက်ပြီးနောက် နည်းပြအလုပ်နဲ့ အဆက်ပြတ်နေတာ ခြောက်ပတ်ကြာရှိခဲ့ပါပြီ။ အသက် ၅၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မော်ရင်ဟိုကို လက်ရှိနည်းပြ ဗန်ဟားလ်ရဲ့နေရာမှာ အစားထိုးဖို့ မန်ယူတာဝန်ရှိသူတွေက ပြင်ဆင်လျက်ရှိပါတယ်။ ကျွန်တော်အမြဲတမ်း သင်ယူနေသူပါ။ ဘောလုံးနဲ့ ပတ်သက်လို့ ပြီးပြည့်စုံတယ်ဆိုတာ မရှိပါဘူး။ အမြဲတမ်းသင်ယူနေပါတယ်လို့လည်း မော်ရင်ဟိုက ဆိုပါတယ်။





# မန်စီးတီးနည်းပြဖြစ်ရင် နေမာနဲ့ ဘတ်စ်ကွက်ကို ဂွာဒီယိုလာ ခေါ်ယူမည်ဟုဆို

လာမယ့်ရာသီမှာ မန်စီးတီးနည်းပြဖြစ်လာမယ့် ဂွာဒီယိုလာက သူ့အနေနဲ့ မန်စီးတီးနည်းပြ ဖြစ်လာမယ်ဆိုရင် အသင်းဟောင်း ဘာစီလိုနာမှ နေမာနဲ့ ဘတ်စ်ကွက်ကို ခေါ်ယူသွားဖို့ ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဂွာဒီယိုလာက မန်စီးတီးအသင်း ပြုပြင်ပြောင်းလဲရေးအတွက်ပေါင်သန်း ၁၅၀ အထိ အသုံးပြုသွားမယ်လို့ ဆိုပါတယ်။ အဲဗာတန် နောက်တန်းလူ ဂျွန်စတုန်းနဲ့ ဂျူဗင်တပ်စ်ကွင်းလယ်လူ ပေါ့ဂ်ဘာတို့ကိုလည်း ပစ်မှတ်ထားတယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်ရာသီမှာ နည်းပြသစ်နဲ့ပွဲထွက်လာမှာဖြစ်သလို တိုက်စစ်မှာလည်း နေမာတို့လို ကစားသမားသစ်တွေနဲ့ အသင်းကို ပြန်လည်ဖွဲ့စည်းမယ့် အနေအထားရှိနေပါတယ်။ နေမာကို ခေါ်ယူမှုအတွက် မန်စီးတီးအသင်းအနေနဲ့ ပေါင်သန်း ၁၀၀ အထိ တုန့်ကျနိုင်ပြီး တန်ဖိုး အမြင့်ဆုံး ကစားသမားဖြစ်လာဖို့ ရှိနေပါတယ်။ အရပ် ၆ ပေနှင့် ၂ လက်မရှိတဲ့ ဘတ်စ်ကွက်ရဲ့ ကစားကွက်ကိုလည်း ဂွာဒီယိုလာက အတော်လေး သဘောကျနေပါတယ်။ လာမယ့်ရာသီမှာ ဂွာဒီယိုလာရဲ့ အဓိကအပြောင်းအလဲထဲမှာ နေမာနဲ့ ဘတ်စ်ကွက်တို့ဟာ အဓိကဖြစ်နေပါတယ်။

■ ကောင်းမြတ်သူ-စုစည်းသည်။ ■

# တစ်ပတ် ပေါင် ၈၀၀၀၀ နဲ့ ဗာဒီကို ထပ်မံစာချုပ်

လက်စတာစီးတီးအသင်းနဲ့အတူ ဒီနှစ်ရာသီမှာ ခြေစွမ်းပြ ကစားနေတဲ့ ဂျိမ်းဗာဒီကို သူ့အသင်းက ၂၀၁၉ ခုနှစ်အထိ တစ်ပတ်လုပ်ခလစာ ပေါင် ၈၀၀၀၀ နဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဗာဒီဟာ ပရီမီယာလိဂ်မှာ ဂိုးအများဆုံး သွင်းယူပေးထားသူ ဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းဟာ ယခုနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်နိုင်ဖို့ အလားအလာရှိလာတဲ့အသင်းဖြစ်ပါတယ်။ လက်စတာအသင်းကို ယခုကဲ့သို့ အောင်မြင်တဲ့အသင်းဖြစ်အောင် ကြိုးစားပေးသူမှာ ဗာဒီဖြစ်ပါတယ်။ မြေခွေးအသင်းလို့ လူသိများတဲ့ လက်စတာစီးတီးအသင်းအတွက် ဗာဒီက ၁၈ ဂိုး သွင်းယူပေးထားပါတယ်။ ယခုအခါမှာ လက်စတာစီးတီးအသင်းဟာ အမှတ်ပေးဇယားမှာ ငါးမှတ်အသာနဲ့ ဦးဆောင်နေပြီဖြစ်ပါတယ်။ ကျွန်တော်ဒီအသင်းနဲ့အတူ ထူးခြားတဲ့ အောင်မြင်မှုတွေရရှိဖို့ ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်လို့ ဗာဒီက စာချုပ်အပြီး ပြောဆိုလိုက်ပါတယ်။



# အလောင်းတော် ကဿပသို့ တစ်ခေါက်တစ်ခါ ဖူးမြော်နိုင်ဖို့ရာ

ဗုဒ္ဓဘုရားရှင်၏ မဟာသာဝက ကဿပရဟန္တာမထေရ် မြတ်ကြီးသည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီးနောက် ရုပ်ကလာပ်တော်ကို နောင်ပွင့်မည့် အရိမေတ္တေယျဘုရား လက်တော်ပေါ်၌ တေဇောဓာတ်လောင်ကျွမ်းရန် အဓိဋ္ဌာန်ပြုခဲ့ကြောင်း ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကြကာ အလောင်းတော်တည်ရှိရာသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသူ အများအပြားရှိသည်။ နှစ်စဉ် ဒီဇင်ဘာလမှ မတ်လအတွင်းသည် အလောင်းတော်ကဿပ ဘုရားဖူးရာသီဖြစ်ပြီး ဘုရားဖူးလာရောက်သူများဖြင့် အထူးစည်ကားလှသည်။

အလောင်းတော်ကဿပသည် မြန်မာနိုင်ငံအထက်ပိုင်း မုံရွာမြို့အနောက်ဘက် ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း တည်ရှိပါသည်။

မုံရွာမြို့တစ်ဖက်ကမ်း ညောင်ပင်ကြီးဆိပ်မှ မိုင် ၆၀ ကျော်အကွာတွင်ရှိပြီး ပုံတောင်ပုံညာ၊ မဟူတောင်တန်းမှသည် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးတို့၏ အကြား ပုထိုးလုံးချောင်း၏ လက်တက်ဖြစ်သော အထက်ချောင်းဖျားတစ်နေရာ စမ်းချောင်းလေးဘေး လိုဏ်ဂူတော်တစ်ခုအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးသွားလိုလျှင် မုံရွာမြို့မှတစ်ဆင့် လမ်းကြောင်းသုံးသွယ်ဖြင့် သွားရောက်ဖူးမြော်နိုင်သည်။ မုံရွာမှ ချင်းတွင်းတံတားကြီးကိုဖြတ်၍ သပိတ်ဆေးစခန်းအထိ ၃၅ မိုင်ခရီးဖြင့် တစ်လမ်းဖြစ်ကာ နောက်တစ်လမ်းမှာ မုံရွာ-ယာကြီး-ကလေးဝမှ သစ်ရာပင်၊ တပိုင်တို့ကိုဖြတ်ကာ သပိတ်ဆေးစခန်းသို့ မိုင် ၄၀ ခရီးဖြစ်သည်။ နောက်ထပ် လမ်းတစ်သွယ်မှာ မုံရွာတစ်ဖက်ကမ်း ဖိုလ်ဝင်တောင်မှသည် သပိတ်ဆေးစခန်းထိ ၄၅ မိုင်ခရီး ဖြစ်သည်။

မြေခင်းဇရိယာ ကျယ်ဝန်းသော ချောင်းမကြီးစခန်းတွင် ယာဉ်ရပ်နား၍ တစ်မိုင်ခရီးကို ခြေလျင်လျှောက်ကာ အလောင်းတော်ကဿပသို့ သွားနိုင်သည်။ အလောင်းတော်ကဿပတွင် တည်းခိုစခန်းများ၊ စားသောက်ဆိုင်တန်းများ သီးခြားတည်ရှိပြီး အရှေ့ဘက် မနီးမဝေးတွင် ကြေးပြာသာဒ်စံကျောင်းတော်ဖြင့် အလောင်းတော်ကဿပ ကိုယ်စားတော်အား ဖူးမြော်နိုင်သည်။

ဝေဘာရတောင် အလယ်ဗဟိုအတွင်း အလျား၊ အနံ၊ အမြင့် ၃၅ တောင်စီ စတုရန်းညီမျှသော ဂန္ဓကုဋိ တိုက်တော် ရှိသည်။ တိုက်တော်အတွင်း ကြေးပြာသာဒ်ကြီးဖြင့် မြသလွန်ညောင်စောင်းပေါ်တွင် ရှင်မဟာကဿပသည် မြောက်အရပ်သို့ ဦးခေါင်းပြုကာ လက်ယာနံတော်စောင်း၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။ ဉာဏ်တော် ၁၀ တောင်ရှိပြီး အနောက်မြောက်ဆီသို့ ဦးခေါင်းထား၍ ပရိနိဗ္ဗာန်ပြုနေဟန် ဖြစ်ပါသည်။ ကိုယ်စားတော်၏ ဦးခေါင်းတော်အောက်တည့်တည့် လိုဏ်ဂူအတွင်း အလောင်းတော်၏ ခြေတော်အစုံ တည်ရှိသည်။

အလောင်းတော်ကဿပ မူလဒါယကာမှာ အဇာတသတ်မင်းဟု ဆိုကြသည်။ အချို့သမိုင်းတွင် အလောင်းတော်ဘေး၌ ထွန်းညှိထားသော ရွှေ၊ ငွေ၊ မြ၊ ပတ္တမြား ဖယောင်းတိုင် လေးတိုင်ကို ကုသိုလ်ရှင်အဇာတသတ်မင်းကြီးက အဓိဋ္ဌာန်ပြုခဲ့သဖြင့် အရိမေတ္တေယျဘုရား ပွင့်တော်မူရာကာလတွင်မှ အလောင်းတော်ကဿပ တေဇောဓာတ်ကျွမ်းလောင်ပြီး ငြိမ်းမည်ဟု ဆိုပါသည်။ သမိုင်းဟောင်းပေစာများ အဆိုအရ အလောင်းတော်ကဿပမထေရ်သည် ကောဇာသက္ကရာဇ် ၁၅၄ ခု၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့၊ သက်တော် ၁၂၀၊ ဝါတော် သိက္ခာ ၅၀ ပြည့်တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ကြောင်းသိရသည်။

ဝေဘာရတောင်အလယ်တွင် စံကျောင်းတော်တည်ရှိသည်။ တောင်သုံးလုံးဆုံရာ အောက်ခြေရှိ လိုဏ်အတွင်းမှ ကျောက်တံခါးကို စံကျောင်းတော်တံခါးဟု ဘုရားဖူးများက ယုံကြည်ကြပြီး အထက်ဘက်ရှိ ကိုယ်စားတော်အား လှူဖွယ်အမျိုးမျိုး ကပ်လှူကြသည်။ ကျောက်တံခါးတွင်မူ အလောင်းတော်အားရည်မှန်း၍ ရွှေသင်္ကန်း ကပ်လှူခြင်း၊ ကျောက်တံခါးပွင့်ဟနေသော ကြားမှ ဝတ္ထုနှင့် လက်ဝတ်ရတနာများ လှူဒါန်းခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ စံကျောင်းတော်မြောက်ဘက် အုတ်လှေကားငယ်အတိုင်း ဆင်းသွားပါက တောင်ခြေလျှိုထဲသို့ ရောက်ပါမည်။ လွန်ခဲ့သော နှစ် ၆၀ ခန့်ကဆိုလျှင် ကျောက်တံခါးဝ လိုဏ်ဂူအတွင်း၌ စံကျောင်းတော်ထဲသို့ စီးဝင်သော ချောင်းငယ်လေးရှိကာ ဆွမ်းတော်ပွဲကို ဖောင်ငယ်ပေါ်တင်၍ အဓိဋ္ဌာန်ပြုလှူဒါန်းပါက အောက်ဥမင်ဝတွင် လှူဖွယ်များ ပါမလာတော့ဟု ဆိုကြသည်။

အလောင်းတော်ကဿပတွင် နှစ်စဉ်တပို့တွဲလပြည့်နှင့် တပေါင်းလပြည့်နေ့များတွင် ထူးခြားမှုဖြစ်ပေါ်လေ့ရှိကြောင်း ဒေသခံများ၏ ကိုယ်တွေ့ပြောပြချက်အရ သိရသည်။ အလောင်းတော်ကဿပနှင့်ပတ်သက်၍ ဒေသခံများယုံကြည်ကြသော ထူးခြားချက် ကိုးချက်ရှိသည်။

၁။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနဖြစ်သော လိုဏ်ဂူကြီးသည် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးတို့ ဦးညွှတ်ကာ ပေါင်းကူးဆက်သွယ်နေခြင်း။

၂။ ယင်းလိုဏ်ဂူကြီး၏ ကျောက်ခက်ကျောက်ပန်းတို့သည် ပန်းဆရာတို့ ရေးထု၍ ဆွဲထားဘိသကဲ့သို့ သဘာဝအလျောက် ဖြစ်ပေါ်နေခြင်း။

၃။ ဝေဘူလတောင်ထိပ်၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာများ ပျောက်ကင်းစေရန် မေတ္တာတော်ရေတွင်းကို အဓိဋ္ဌာန်ပြုထားခဲ့တော်မူခြင်း၊ ထိုမေတ္တာရေသည် သောက်သုံး၍မကုန်အောင်ရှိခြင်း၊ ထိုရေကို ရေမချိုးရ၊ ခြေထောက်မဆေးရ ပြုလုပ်မိလျှင် ရေခန်းခြောက်သည်ဟုဆိုကြသည်။

၄။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်စံရာလိုဏ်ဂူအတွင်း လူများမဝင်နိုင်သော်လည်း အလောင်းတော်ကိုရည်စူး၍ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ထည့်စရာခွက်တွင်ထည့်၍ ဘုရားရှင်၏ အသုံးအဆောင်အဖြစ် တည်ရှိပါစေဟု အဓိဋ္ဌာန်ပြုပြီး ဥမင်အဝမှ မျှောလှူလိုက်သည်ရှိသော် အောက်ဥမင်ဝသို့ ရောက်သောအခါ လှူဖွယ်ပစ္စည်းများမပါ၊ ခွက်သာလျှင် မျောထွက်လာခြင်း၊ ခွက်ရောပစ္စည်းပါ အဓိဋ္ဌာန်ဖြင့်လှူဒါန်းက အားလုံး ဘုရား၏အသုံးအဆောင် ဖြစ်သွားခြင်း။

၅။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ လိုဏ်ဂူအပေါ် တည့်တည့်နေရာ၌ တောနေဂူအောင်းသတ္တဝါအပေါင်း ဖြတ်သန်းသွားလာမှုမရှိခြင်း။

၆။ ဘုရားဖူးသွားလာကြည်ညိုကြသော ရဟန်းရှင်လူတို့သည် တောတောင်မြိုင် ချောက်ကမ်းပါးတို့ကို အတန်တန်ဖြတ်ကျော်၍ သွားရသော်လည်း တောသားရန်သူ ခြေပြခိုးသား စသော ဘေးအန္တရာယ်မျိုးနှင့် မတွေ့ကြုံရခြင်း၊ သို့သော် ကိုယ်နှုတ်အမူအရာယဉ်ကျေးသူတို့အတွက်သာဖြစ်သည်။

၇။ ဘုရားဖူးသွားလာကြသော ရဟန်းရှင်လူအပေါင်းတို့တွင် မကောင်းသော အကျင့်အကြံရှိသူတို့အား နတ်များက အထင်အရှားပြ၍ ခြောက်လှန့်တတ်ခြင်း။

၈။ ရှင်မဟာကဿပ သင်္ကန်းလှန်းသောနေရာ၌ ယခုတိုင် သင်္ကန်းချုပ်ရိုးအနားပတ်မကျန် ချုပ်ရိုးကွက်များ ကောင်းမွန်စွာ ထင်ထင်ရှားရှား ရှိနေခြင်း။

၉။ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုသော ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်တို့တွင် တရားအားထုတ်သူ ရဟန်းရှင်လူတို့အား နတ်များက သီလသမာဓိကို စမ်းသပ်ခြင်း၊ သီလသမာဓိပြည့်ဝသူတို့မှာ နတ်တို့၏ ကူညီမှုဖြင့် အလောင်းတော်အစစ်ကို ဝင်ရောက်ဖူးမြော်နိုင်ခြင်းစသည့် ထူးခြားချက်ကိုးခု ဖြစ်သည်။

ရှေးယခင်က အလောင်းတော်ကဿပသို့ ဘုရားဖူးသွားလိုလျှင် ခြေကျင်ခရီးသာရှိပြီး ယခုအခါ ပွင့်လင်းရာသီ တန်ဆောင်မုန်းလမှ စတင်၍ တန်ခူးလ သင်္ကြန်မတိုင်မီအထိ မော်တော်ယာဉ်များဖြင့် စိတ်ချမ်းမြေ့စွာ သွားရောက် ဖူးမြော်နိုင်ကြပြီဖြစ်သည်။

သစ်လုံးအိမ်စခန်းအထိ မော်တော်ယာဉ်များသွားလာနိုင်ပြီး ထိုမှတစ်ဆင့် စံကျောင်းသို့ ဆင်စီးပြီးသော်လည်းကောင်း၊ ခြေကျင်ဖြင့်သော်လည်းကောင်း သွားရောက်ဖူးမြော်နိုင်သည်။ တပေါင်းလပြည့်တွင်မူ မင်းကင်း၊ ကနီ၊ ယောဒေသများမှ ခြေကျင်ဘုရားဖူးလာကြသူများ၏ ပွဲလည်းဖြစ်သည်။ အလောင်းတော်ကဿပ ဘုရားဖူးရာသီကာလအတွင်း တပို့တွဲလပြည့် ထမနဲစတုဒိသာပွဲနှင့် တပေါင်းလပြည့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတို့မှာ အစည်ကားဆုံးပွဲများဖြစ်ကြပြီး မြန်မာနိုင်ငံအရပ်ရပ်မှ ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်ဖြင့် လာရောက်ကျင်းပကြသော မြို့ပွဲဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ ဘုရားပွဲကာလတွင် ဘုရားဖူးပရိသတ်များက အောက်လိုဏ်ဂူမှ အထက်လိုဏ်ဂူအထိ တန်းစီ၍ ရေသိမ်အပြီးတွင် သံဃာတော်များအား လှူဖွယ်များဖြင့် ဖွယ်ဖွယ်ရာရာ လောင်းလှူလေ့ရှိသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေကာ အကျယ်အဝန်းအားဖြင့် ၆၁၇ စတုရန်းမိုင် ကျယ်ဝန်းသည်။

ဥယျာဉ်အတွင်း လျှိုမြောင်ချိုင့်ဝှမ်း တောင်ကုန်းများ ထူထပ်စွာတည်ရှိပြီး ကျောက်ဆောင်တန်းများသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၀၄ မီတာမှ မီတာ ၁၂၀၀ အထိ မြင့်မားသည်။ အလောင်းတော်ကဿပ တည်ရှိရာ ကုန်းမြင့်အောက်သို့ ချောင်းမကြီး (တောကြားချောင်း)သည် တောင်ဘက်မှ စီးဝင်ကာ မြောက်ဘက်မှ ပြန်ထွက်ပြီး ချင်းတွင်းမြစ်အတွင်းသို့ စီးဆင်းသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကို ၁၉၈၁ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ အမျိုးသားဥယျာဉ်တွင် ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတောများ၏ ဂေဟစနစ်များကို ထိန်းသိမ်းထားရှိသည့်အတွက် သဘာဝအတိုင်း ကျက်စားနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးစုံကိုလည်း ကြည့်ရှုလေ့လာကြရင်းဖြင့် အလောင်းတော်ကဿပသို့ တစ်ကြိမ်တစ်ခါ သွားရောက်ဖူးမြော်နိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

## ကောသွယ်

---

# နှစ်ပေါင်းတစ်ထောင်ဝန်းကျင်ခန့်က ရှေးဟောင်းစေတီကြီး ပြုပြင်ရန်လိုအပ်နေ

**ဗန်းမောက် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပင်ပိုကျေးရွာအုပ်စု မံပင်ကျေးရွာနှင့် နန့်မော်ကုန်းကျေးရွာကြား ဗန်းမောက်-မံစီကားလမ်းမကြီး၏ အရှေ့ဘက်တောအတွင်း တည်ရှိသော ရှေးနှစ်ပေါင်း တစ်ထောင်ဝန်းကျင်ခန့်က ရှေးဟောင်းစေတီကြီးတစ်ဆူကို ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။



အဆိုပါ ရှေးဟောင်းစေတီတော်ကြီးသည် ဗန်းမောက်မြို့နှင့် ၁၀ မိုင်အကွာ မံပင်ကျေးရွာ၏ မြောက်ဘက်တစ်မိုင်ခွဲခန့်ရှိ တောထဲတွင်တည်ရှိပြီး နှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ စေတီကြီးမှာ တောင်ပို့သဖွယ်ရှိနေသောကြောင့် ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

ဒေသတွင်းမှ ရှေးဟောင်းစေတီတစ်ဆူဖြစ်သော ချောင်းဆုံနန့်မော်ကုန်း ပွဲတော်ရဘုရားမှာ နှစ်ပေါင်း ရှစ်ရာကျော်ခန့်ရှိရာ အဆိုပါ တောအတွင်းမှ စေတီဘုရားဟောင်းကြီးမှာ နှစ်ပေါင်း တစ်ထောင်ကျော် ရှိနိုင်သဖြင့် ချောင်းဆုံနန့်မော်ကုန်း ပွဲတော်ရဘုရားထက် ပို၍စောပြီး ပြန်လည်ပြုပြင်ပေးရန် လိုအပ်နေကြောင်း၊ စေတီတော်ကြီးမှာ ရွာနှင့် အလှမ်းဝေးသော်လည်း ရှေးဟောင်း အမွေအနှစ် ဌာပနာများ မပျောက်ပျက်ရန် မံပင်ရွာမှ ဒေသခံပြည်သူများက မျက်ခြည်မပြတ် စောင့်ရှောက်ထားကြကြောင်း မံပင်ကျေးရွာမှ အသက် ၇၆ နှစ်အရွယ် အဘိုးတစ်ဦးက ပြောသည်။

အဆိုပါ ရှေးဟောင်းစေတီကြီး၏ ဘေးပတ်လည်တွင် သဘာဝသစ်ပင်ကြီးများတည်ရှိကာ တောတောင်များ၏ သဘာဝရှုခင်းအလှများလည်း ရှိနေ၍ မြန်မာ့ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် စေတီတော်ကြီးအား ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက ဆန္ဒရှိနေကြခြင်းဖြစ်သည်။

**သန်းမောင်လေး(ကချင်မြေ)**

---

# ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့်မွေးနေ့ ကျင်းပမည်

**တောင်ငူ ဖေဖော်ဝါရီ ၈**

အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးနှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံး ၁၅ ပေရှိ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ရေးအတွက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အခမ်းအနားကျင်းပရေးကော်မတီ နာယကများဖြစ်ကြသော ဒေါက်တာမာမာဝေ(ပါမောက္ခ-ငြိမ်း)နှင့် ဦးကျော်လှ(သမာဓိ)တို့က အမှာစကားပြောကြားကြပြီး ဥက္ကဋ္ဌ ဒေါက်တာဘဆွေက ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် ကြေးရုပ်ဖွင့်ပွဲကျင်းပရေးအတွက် ဆောင်ရွက်ထားမှုနှင့် ဆပ်ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် ကဗျာ၊ မိန့်ခွန်း၊ စာစီစာကုံး၊ ပန်းချီ၊ ရိုးရာအားကစားပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ တေးဂီတဖျော်ဖြေပွဲ၊ အငြိမ့်နှင့် သံချပ်များ ဝေဝေဆာဆာ ပါဝင်မည်ဖြစ်ကြောင်းလည်း အစည်းအဝေးမှ သိရသည်။

**ကျော်လှ(တောင်ငူ)**

---

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုများချီးမြှင့်

**မူဆယ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် မူဆယ်မြို့၌ ကျင်းပခဲ့သော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်သည့် ပြိုင်ပွဲများမှ ဆုရသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို မူဆယ်မြို့ ကုန်သည်အသင်းရုံးခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့ပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟို အလုပ်အမှုဆောင် ဦးဝင်းအောင်တို့က ပုံပြောပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုများပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များလည်း ပေးလှူခဲ့ကြောင်း သိရသည်။

**သန့်ခင်(မူဆယ်)**



# ဒီပဲကဲရာ မဟာစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**အင်းတော် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ ဒီပဲကဲရာ မဟာစေတီတော်မြတ်ကြီး (၁၀၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၁၀ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်ခဲ့ပြီး မော်လူးဒေသ တိုက်နယ်ကိုးခုမှ ဆရာတော်သံဃာတော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပွဲတော်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်များနှင့် ဂေါပကအဖွဲ့ဝင်များက ပွဲတော်ကျင်းပရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ပွဲတော်ကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့်အခြေအနေ၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး စီမံဆောင်ရွက်မှုများစသည့် အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**နီတိုး**

## သတင်းတိုများ

### ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ပန်းမတ လျှပ်စစ်မြစ်ရေတင်ဇရိယာ ဇတ ၅၀ စိုက်ကွင်း၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ဖေဖော်ဝါရီ ၅ ရက်က သရုပ်ပြသခဲ့ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငွေမောင်က တောင်သူများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကာ တောင်သူများ သိရှိလိုသော စိုက်ပျိုးရေးအကြောင်းအရာများကိုလည်း ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

### လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဆင်းပွဲကျင်းပ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်း ၄၅ ဦးတို့၏ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆၃)၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်း ၂၀တို့၏ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ် (၂၈)နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ အမျိုးသမီးဝန်ထမ်း ၃၇ ဦးတို့၏ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၉၃) သင်တန်းဆင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသူများအား ဆုများနှင့် ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြန်/ဆက် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ညောင်ဦး၌ ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ မြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုကျွမ်းကျင်စေရန်အတွက် ဖွင့်လှစ်ခဲ့သော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းဆင်းပွဲကို ခရိုင် ပြန်/ဆက်ရုံး သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်မြလွင်က သင်တန်းကာလအတွင်း သင်ကြားပို့ချခဲ့သည်များကို လက်တွေ့လုပ်ငန်းခွင်၌ ထိထိရောက်ရောက်အသုံးချ၍ မိမိတို့၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ယခင်ထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြများဖြစ်သည့် ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့နယ်တို့မှ ခာတ်ပုံကျွမ်းကျင်ဝန်ထမ်းများ၊ စာကြည့်တိုက်ဝန်ထမ်းများ၊ ရုပ်/သံကျွမ်းကျင်ဝန်ထမ်းများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများကို ခရိုင်အလိုက် ဖွင့်လှစ်ကာ ရုံးစာရေးသားနည်း၊ စီမံခန့်ခွဲမှုဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေးဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများ စသည်တို့ကို ပို့ချခဲ့ကြောင်း သိရသည်။

**နေအောင် (ပြန် /ဆက်)**



# ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲပြီး ပညာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**စစ်တွေ ဖေဖော်ဝါရီ ၈**

အခြေခံပညာဦးစီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပညာရေးလုပ်ငန်းများကို နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးသည် ဖေဖော်ဝါရီ ၃ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိပြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၊ ကယ်ဆယ်ရေးစခန်းများရှိ စာသင်ကျောင်းများသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် မောင်တောခရိုင်အတွင်းမှ ဘူးသီးတောင်နှင့် မောင်တောမြို့များရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့လည်းကောင်း ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကာ ညွှန်ကြားရေးမှူးချုပ်က လွန်ခဲ့သော သုံးနှစ်တာကာလနှင့် ယှဉ်ပါက ရခိုင်ပြည်နယ် ပညာရေးအခြေအနေများ သိသာစွာ တိုးတက်လာပါကြောင်း၊ နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ ကျောင်းသား ကျောင်းသူများ တစ်ခန်းတည်းတွင် အတူယှဉ်တွဲလျက် အေးချမ်းစွာ ပညာသင်ကြားလာနိုင်မှုများကိုလည်း တွေ့ရသည့်အပြင် နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ ကျောင်းအကျိုးတော်ဆောင်များကလည်း မိမိတို့သားသမီးများ ပညာရည်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသားများအား တန်းတူညီမျှ ပညာသင်ကြားပေးနေမှုများကို အားပေးစကားပြောကြားခဲ့ပြီး ဥပစိရုပ်မကောင်းသော စာသင်ကျောင်းများကို ပြန်လည်ပြုပြင်ရေး၊ ကျောင်းများတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ လိုအပ်သော ကျောင်းဆောင်သစ်များ တည်ဆောက်နိုင်ရေးတို့ကို ညွှန်ကြားခဲ့သည်။

စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအကျိုးတော်ဆောင်ဖြစ်သူ ဦးရွှေမောင်ကလည်း မိမိတို့ကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးခဲ့သောကြောင့် ကျေးဇူးတင်ပါကြောင်းနှင့် မိမိတို့ကျောင်းသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော ကျောင်းသားကျောင်းသူအများစု ပညာသင်ကြားရာ ကျောင်းတစ်ကျောင်း ဖြစ်သော်လည်း ပညာရေးဌာနခန့် ဆရာ ဆရာမများနှင့် စေတနာ့ဝန်ထမ်း ဆရာ ဆရာမများအနေဖြင့် ခွဲခြားမှုမရှိဘဲ စေတနာထား၍ စာသင်ကြားပေးနေသည်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်သည် ဆရာ ဆရာမများနှင့်လည်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိပညာရေးအခြေအနေများ၊ လာမည့်နှစ်တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားကာ ဘက်စုံထူးချွန်ပြီး တတ်သိလိမ္မာသော ကျောင်းသားကျောင်းသူများ မွေးထုတ်ပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ပညာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အစိုးရ၏ ညွှန်ကြားမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ပေးမှုများဖြင့် ပညာရေး တဖြည်းဖြည်းတိုးတက်အောင် လူမျိုးဘာသာမခွဲခြားဘဲ နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိရာ ကျောင်းအဆင့်တိုးမြှင့်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်း အထက်တန်းကျောင်း ကိုးကျောင်း၊ အထက်တန်းကျောင်း (ခွဲ) ၂၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၉ ကျောင်း၊ အလယ်တန်းကျောင်း (ခွဲ) ၁၀၀ ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၀၇ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၆၂ ကျောင်း၊ အခြေခံပညာမူလ တန်းကျောင်း (ခွဲ) ၁၄၃ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အတွင်း ရန်ပုံငွေမှ ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်သန်း ၆၀၅၈ ဒသမ ၈၀၊ ပြင်ဆင်ထိန်းသိမ်း ရန်ပုံငွေ ကျပ်သန်း ၂၁၇ ဒသမ ၁၀၊ ရေဘေးလေဘေး အထူးရန်ပုံငွေ ၁၅၉၀ ဒသမ ၉၂၇ သန်း ရရှိအသုံးပြုနိုင်ခဲ့ကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးလှစိန်ထွန်း၏ ပြောကြားချက်အရ သိရသည်။

**မြတ်ဇေ**

# ဈေးပိုရသောကြောင့် ပြောင်းဖူးကိုအမှုန့်ကြိတ်၍ ရောင်းချမှုများလာ

**ကျောက်ထု ဖေဖော်ဝါရီ ၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသမှ ပြောင်းဖူးစိုက်ပျိုးရောင်းချသူများအနေဖြင့် ယခင်က ပြောင်းဖူးစေ့ပြောင်းဖူးဆန်အဖြစ်ရောင်းချရာမှ ယခုအခါ အမှုန့်ကြိတ်၍ ရောင်းချခြင်းက ဈေးပိုရသောကြောင့် ပြောင်းဖူးကို အမှုန့်ကြိတ်ရောင်းချသူ များလာကြောင်း သိရသည်။

ကျောက်ထုမြို့ဒေသတွင် ပြောင်းဖူးဆန်တစ်တင်းလျှင် ဒေသပေါက်ဈေးငွေကျပ် ၈၀၀၀ ရှိပြီး ပြောင်းဖူးမှုန့်ကြိတ်ရာတွင် တစ်တင်းလျှင် အမှုန့်ကြိတ်ခငွေကျပ် ၅၀၀ ပေးရကြောင်း၊ ပြောင်းဖူးမှုန့်တစ်တင်းလျှင် ရောင်းဈေးမှာ ငွေကျပ် ၁၅၅၀၀ ရှိကြောင်း၊ ပြောင်းဖူးဆန်တစ်တင်းကြိတ်ခဲ့ပါက ပြောင်းဖူးအမှုန့် တစ်တင်းနီးပါးရရှိပြီး ကြိတ်ခဲ့ရာမှရရှိသောဖွဲ့ကို ပြန်လည်ရောင်းချပါက ကြိတ်ခရရှိကြောင်း မြောက်မကျင်းကျေးရွာနေ ပြောင်းဖူးစိုက်ပျိုးသူတစ်ဦးက ပြောသည်။ ပြောင်းဖူးမှုန့်ကို ဒေသတွင်း၌ မုန့်ကြိုးလိမ်၊ ကရေကရာစသည့်မုန့်များပြုလုပ်၍ စားကြသည့်အပြင် အခြားမုန့်ပဲသရေစာများနှင့်တွဲဖက်၍လည်း စားလေ့ရှိကြောင်း သိရသည်။

ကျောက်ထုမြို့ဒေသမှ တောင်သူများသည် စပါးနှင့် ပဲအမျိုးမျိုးကို အဓိကထား၍ စိုက်ပျိုးသည့်အပြင် ဖူးစားပြောင်းကိုလည်း သီးထပ်၊ သီးညပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ ယခင်က ပြောင်းဖူးကို ဒေသအတွင်းစားရန်အဖူး လိုက်သာ ရောင်းချလေ့ရှိကြောင်း၊ ယခုနှစ်ပိုင်းတွင် လမ်းပန်းဆက်သွယ်မှုများလည်း ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ပြောင်းဖူးမှာ ဈေးကွက်ဝင်သော သီးနှံတစ်ခုဖြစ်လာကြောင်း သိရသည်။

**(၁၀၁)**

ဖေဖော်ဝါရီ -- မတ် -- ဧပြီ ခရီးစဉ်များ

ရွှေဘုန်းပြည့်

ပန်းတောင်း (၆ရက်) ချူပန် (၈ရက်)
စထဲ့ပူ (၄ရက်) ကိုရီးယား(၈ရက်)
ထမ္ဘောဒီးယား(၆ရက်) ဗီယက်နမ် (၅ရက်)
ချင်းမိုင် (၆ရက်) ဗူးသစ် (၆ရက်)
လာဆို (၆ရက်) ဗုဒ္ဓဂယာ(၈ရက်)Hotel
ဖူနန်ဘိုင်း ဆန်ချီ ဘာဂျန်တာ ဘာဟ်လိုရာ(၈ရက်)

01.566101 ,09 73060048 , 09 421014616

**SKY STAR** Automobile Service

ကားအမျိုးမျိုးကို စိတ်တိုင်းကျ ပြုပြင်ပေးသည့်

အဆင့်မြင့် Workshop

| ဆက်သွယ်ဝါ | ဝန်ထမ်းအလိုရှိသည် |
|---|---|
| ကားများကို လရှုပ်မြင့် ပြုပြင်လိုသောကုမ္ပဏီများ | ၁။ ကျွမ်းကျင်စက်ဆရာအဆင့် ၂။ အလုပ်သင် - သင်တန်းသား |

အမှတ် (၃၆၉)၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
09255 880 700 (9:00 AM - 5:00 PM) 09255 880 800

တိုက်ခြောလစ်/လေသီအား
Fully Auto
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035882, 09 73199410
09 420035884, 09 73199257

တိုက်ခန်းသစ်ရောင်းမည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## မြေကွက်ရောင်းရန်ရှိသည်

အင်းလေးဟိုတယ်ဇုန် Project (အကွက်အမှတ် - ဇုန် A, E 4)၊
ပေ ( ၄၀ )လမ်းမနှင့် ကပ်လျက် (၂.၇၅)ဧက ရှိပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၃၀၃၆၇၆၅၂၊ ၀၉-၇၉၅၇၄၉၁၃၁

23 မသလာ (ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

ရိုးရာ သဘာဝ သိက္ခာပါရှိသော လိုင်စင်

ဘော်လမ်းညွှန် ဝင်ခွင့် ဂျက်ဖရီ
09-73129358, 09-263916053
အတန်းသစ် ဖွင့်တော့မည်။
212, ပန်းဆိုးတန်း၊ 527, ရွှေဂုံလမ်း၊ မြောက်ဥက္ကလာ၊ 58,4th fl, 46th st






စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်၊
လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ပါမောက္ခ ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော...

# UEC
ကက-၁၇/၂၂/၂၇

## United Education Centre

## ကိုယ်ပိုင်အထက်တန်းကျောင်း

**GRADE 1 - GRADE 11**

**အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP**

## ၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

**အဆင့်မြင့်ဘော်ဒါ** - ၇၊ ၈၊ ၉၊ ၁၀ တန်းများ အတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင် စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

**DAY CAMP** - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

**မူလတန်း၊ အလယ်တန်း** - **English 4 - skills**၊ ပန်းချီ၊ ကွန်ပျူတာ၊ **Kids invent** စသော **Extracurricular Activities** များပါဝင်သည်။

- **Limited Class size** များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



# GUSTO International College

UK အသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်

## GUSTO INTERNATIONAL COLLEGE

edexcel Approved Centre No.93683

- တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင်/ လုပ်ငန်းရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
- အဆင့်မြင့် ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာ တက္ကသိုလ်ကြီးများအတိုင်း Student Centered Learning Approach ဖြင့် စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။
- စာသင်ကာလ ၂ နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှ ချီးမြှင့်သော Higher National Diploma ကို ရရှိမည်ဖြစ်သည်။
- နောက်ဆုံးနှစ် (၁) နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, US, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ် ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons ) Computing ဘွဲ့ကို ရရှိမည်ဖြစ်ပါသည်။

**2016 February Intake** အတွက် ကျောင်းစတင် လျှောက်ထားနိုင်ပါပြီ


Wai Moe Lwin
UWE, Bristol (UK)


Sun Maung Oo
UWE, Bristol (UK)


Min Kyaw Thu
UWE, Bristol (UK)


May Myo
UWE, Bristol (UK)


Wai Lin Aung
Huddersfield (UK)

**Call Now !**
09 - 789 888 222
09 - 86 288 06

# အမှတ် ၂၈၉ (အေ) ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။

# နယ်မှကျောင်းသားများအတွက် အဆောင်စီစဉ်ပေးပါသည်။






**Yangon Sales Gallery**
Kyaik Khauk Pagoda Road, Thanlyin Township, Yangon, Myanmar
Hotline: +95-9-7311 9511, +95-9-252 585 874
Tel: +95 56-23150~3 Ext: 1112 / 1118 / 1119 / 1120
E-mail: sc.marketing@spa-mm.com

**Mandalay Sales Gallery**
Corner of 62nd Road & Manawhari Road,
Chan Mya Tharsi Township, Mandalay
Tel : +95 (2) 822 02
Hotline : +95 (9)265 664 228 / +95 (9)265 664 229
E-mail :sc.mdysales@spa-mm.com

**Singapore Sales Office**
#04-39 Peninsula Plaza 111
North Bridge Road S179098
Sales Hotline: 9673 6731
Sales Office : 6338 0900
E-mail: condosales_myanmar@yomastrategic.com

A Quality Project of YOMA

**GalaxyTowersYangon.com**


**ပျောက်ဆုံးကြောင်း**

ကျွန်တော် စက်ပိုင်ဦး နိုင်ငံကူးလက်မှတ် 11-082639 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၄၂၂၉၉၂

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၄၅၆၄၉၊ Honda C90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမြင့် ၉/မရတ(နိုင်)၀၂၁၁၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

# ဝမ်းမြောက်ပီတိစကား

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)၊ ရန်ကုန်(ဘောင်ဒရီ)၏ ကျောင်းသားဟောင်းများက ၂၀၀၅ ခုနှစ် ပထမအကြိမ် အာစရိယပူဇော်ပွဲမှစတင်၍ ၂၀၁၆ ခုနှစ် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲအထိ မိမိတို့၏ ဆရာ ဆရာမများအား ချောင်းသာကမ်းခြေအပန်းဖြေခရီး၊ ငပလီကမ်းခြေအပန်းဖြေခရီးနှင့် ပြည်တွင်းပြည်ပ ဘုရားဖူးခရီးစဉ်များကို ပူဇော်ပွဲအပြီးတွင် နှစ်စဉ်ပို့ဆောင်ပေးခဲ့ကြပါသည်။

အထူးသဖြင့် ၂၀၁၄ ခုနှစ်တွင် (၇)ညအိပ် (၈)ရက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာခရီးစဉ်ကို ပို့ဆောင်ပေးခဲ့ပြီး ယခုနှစ်၂၀၁၆ ခုနှစ်တွင်လည်း (၃)ညအိပ် (၄)ရက် ထိုင်းနိုင်ငံ မြဘုရားဖူးခရီးစဉ်ကို ကျောင်းသားဟောင်းနာယက ငါးဦးဖြစ်ကြသော ကိုစိန်ထွန်းမြင့်(V-72)၊ ကိုမောင်သောင်း(EP-74)၊ ကိုမင်းဟန်(BC-78)၊ ကိုအေးကို(M-76)နှင့် ကိုမြင့်လွင်(R-80)က ကမကထပြုလုပ်ပြီး ကုန်ကျစရိတ်များကျခံလှူဒါန်း၍ ပို့ဆောင်ပေးကြပါသည်။

ထိုသို့ ပြည်တွင်းပြည်ပ အပန်းဖြေခရီးစဉ်များနှင့် ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးခဲ့ကြသော ကျောင်းသားဟောင်း နာယကများနှင့်တကွ ကျောင်းသားဟောင်းအားလုံး၏ ကျေးဇူးသိတတ်မှုနှင့် စေတနာကို ကန်တော့ခံဆရာ ဆရာမအားလုံးက အထူးပင်ဝမ်းမြောက်ပီတိ ရင်ဝယ်ငြိလျက် သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါသည်။

ကျောင်းသားဟောင်းတပည့်များသည် စီးပွားဥစ္စာ ဒီရေအလား အစဉ်တိုးပွား၍ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် ဆရာ ဆရာမများကို ကောင်းမှုကုသိုလ်တရားဖြင့် ကျေးဇူးဆပ်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့လိုက်ပါသည်။

ဆရာ ဆရာမများသည်လည်း သက်ရှည်ကျန်းမာစွာဖြင့် တပည့်များ၏ စေတနာကုသိုလ်ပွားမှုကို ဖြည့်ဆည်းပေးနိုင်ကြစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆရာ ဆရာမများ**

**စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်-၂ (ဘောင်ဒရီ)**

**ရန်ကုန်**


ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်
အဆင့်မြင့်ပညာရေး ဘော်ဒါ
(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ)
ICEC
IDEAL CLASS EDUCATION CENTRE

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ်
ကက - ၁၃/၄၁/၀၇၁ (လှိုင်)မှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၂၀၉ (တာမွေ)

“ခံ” ဝညာ့ရိပ်သာ (လှိုင်)
ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်
ရန်ကုန်မြို့။ Website : www.icecprivateschool.com
Tel : 09-300 59147, 09-300 59148, 09-795886818, 09-255965938

“ခံပြ” ကျောင်း (တာမွေ)
(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း
နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 7316 6911, 09-2559 65939, 09-7316 2577, 09 7996 43183

# ကျေးလက်ဒေသပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတစ်ရွာလျှင် ကျန်းမာရေးကျွမ်းကျင်သူတစ်ဦးနှုန်းနီးပါးရှိပါက ပိုမိုကောင်းမွန်

စာမျက်နှာ-၅

# ရေလမ်းအကောက်စခန်းများတွင် ရေလမ်းဖြတ်သန်းခများကို ဖေဖော်ဝါရီ ၁ ရက်ကစ၍ ရေလမ်းမိုင်နှုန်းဖြင့် တွက်ချက်ကောက်ခံ



မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေး ဖေဖော်ဝါရီ ၈

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧရာဝတီမြစ်နှင့်ချင်းတွင်း မြစ်ရေလမ်းကြောင်းများတွင် ဖြတ်သန်းမောင်းနှင်ကြသည့်ရေယာဉ်များကို ရေလမ်းအကောက်စခန်းများ ဖွင့်လှစ်ကောက်ခံလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်ကစ၍ ရေလမ်းမိုင်နှုန်းထားဖြင့် တွက်ချက်ကောက်ခံနေကြောင်းသိရသည်။

"ဧရာဝတီနဲ့ ချင်းတွင်းမြစ်မှာ ရေလမ်းအခွန်အကောက်စခန်းတွေ ဆက်လက်ဖွင့်ဖို့ရှိပါတယ်။ အရင်ကောက်ခဲ့တဲ့ နှုန်းထားတွေက ပုံသေပုံစံမျိုးဖြစ်နေတယ်။ အခုထုတ်ပြန်တဲ့ နှုန်းထားက မိုင်နဲ့တွက်ချက်ကောက်ခံတာကြောင့် နှစ်ဖက်မျှတပြီး သက်သာသွားမှာပါ"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

## ယနေ့ ဖတ်စရာ

မြောက်ကိုရီးယား ကင်းလှည့်သင်္ဘော တောင်ကိုရီးယား ရေပိုင်နက်သို့ ကျူးကျော်သည်ဟုဆို စာ

ဘားအံမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရာမှ ပစ္စတို သေနတ်တစ်လက် သိမ်းဆည်းရမိ စာ

# မြန်မာနိုင်ငံ၏ဆက်သွယ်ရေးလုပ်ငန်း တိုးတက်ရန် ချေးငွေပေးအပ်မည်

ဘာသာပြန် - စိန်ရင်

မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များ ပိုမိုတိုးချဲ့ တည်ဆောက်နိုင်ရန်အတွက် အော်ရီဒူးမြန်မာကုမ္ပဏီအား အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်းတို့က စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ကို ချေးငွေအဖြစ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းချေးငွေပေးအပ်ရခြင်း၏ အဓိကဦးတည်ချက်မှာ အော်ရီဒူးက အကောင်အထည်ဖော်ဆောင်ရွက်နေသော သရီးဂျီနည်းပညာသုံး မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့တည်ဆောက်ရန် ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ယခုကဲ့သို့ ပုဂ္ဂလိကကဏ္ဍတွင် အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းသည် အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်လူဦးရေ ၉၀ ရာခိုင်နှုန်းကျော် မိုဘိုင်းဖုန်းကိုင်ဆောင်နိုင်ရေးရည်မှန်းချက်အား အထောက်အကူပေးမည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ■

# မြန်မာ့မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာလောကသားတို့၏ အမြင်များ

တွေ့ဆုံမေးမြန်း-ရဲခေါင်၊ စန္ဒီ၊ ရီရီ၊ ဓာတ်ပုံ-ဇော်မင်းလတ်



ဦးစိုးမြင့်
(Mizzima Media Group)

ရန်ကုန် ဖေဖော်ဝါရီ ၈

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် မီဒီယာပြုပြင်ပြောင်းလဲမှုအကြောင်းအရာများ၊ ပြင်ဆင်ရန် ကျန်ရှိနေသေးသည့် မီဒီယာဥပဒေကြမ်းဆိုင်ရာ ကိစ္စများနှင့်လိုအပ်သည့် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းရေး၊ ပြည်တွင်းမီဒီယာများအနေဖြင့် လွတ်လပ်ပြီး အားကောင်းသည့်မီဒီယာများအဖြစ်ပေါ်ပေါက်လာရေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအကြားချုပ်ဆိုထားသည့် MoU ကိစ္စရပ်များ၊ ပြည်သူ့ဝန်ဆောင်မှုသတင်းစာများပေါ်ပေါက်ရေး၊ Press Council က လုပ်ဆောင်မည့် အခန်းကဏ္ဍနှင့် ဘတ်ဂျက်ရရှိရေးကိစ္စများ၊ စွမ်းရည်ပြည့်သည့် သတင်းသမားကောင်းများပေါ်ထွန်းလာရေး၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်ရှိ သတင်းအတတ်ပညာဆိုင်ရာ

စာမျက်နှာ ၁၀ ကော်လံ ၁ ●



Mr. Sardar Umar Alam
(ယူနက်စကို-မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်)




မြန်မာ့အလင်း
mmalin.npt @ gmail.com
www.facebook.com/MYANMAALINNEWS